# ဓအောင်ဝင်း

# မြတ်သတ္တာ

## စိတ်တာန်ခိုး၏ အောင်မြင်ခြင်း

အောင်ဝင်း

# မြတ်သစ္စာ

## စိတ်တန်ခိုး၏ အောင်မြင်ခြင်း

တင်ဝင်း-ပုံနှိပ်တိုက်
၄၇၇၊ ပြည်လမ်း၊ ကမာရွတ် ရန်ကုန်။

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်
မှတ်ပုံတင်အမှတ် (၁၂၇၂)
စာအုပ်စာတမ်းစာနယ်ဇင်းမျက်နှာဖုံးပုံနှိပ် ထုတ်ဝေ
ခွင့်ပြုချက် အမှတ် (၀၁၉)။

အဖုံး - တင်ငင်း
အုပ်ရေ - ၂၀၀၀
အကြိမ် - ပထမ
ထုတ်ဝေသည့်လ - ၁၉၇၁ ခု၊ ဖေဖော်ဝါရီလ
တန်ဖိုး - ၆ ကျပ်

ပုံနှိပ်သူ
ဦးဆန်နီ
တင်ဝင်းပုံနှိပ်တိုက်
မှတ်ပုံတင်အမှတ် (၀၁၀၂၁)
၄၇၇၊ ပြည်လမ်း၊
ကမာရွတ်၊ ရန်ကုန်။

ထုတ်ဝေသူ
ဒေါ်ဆွေဆွေမာ
သီတာအောင်စာပေ
မှတ်ပုံတင်အမှတ် (၀၁၅၄၇)
၁၁၆၊ တံတားဖြူလမ်း၊
ကမာရွတ်၊ ရန်ကုန်၊



အရှင်ဘဒ္ဒန္တပညာဝံသာဘိဝံသ
ဆရာတော်ပုံ

## ဘဒ္ဒန္တပညာဝံသာဘိဝံသ
## (၂၅-၇-၈၀ တွင် ခန္ဓာဟောင်းကို စွန့်သွားသော)
## (သက်တော် ၄၅-နှစ်၊ သိက္ခာတော် ၂၅-ဝါ)

မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်၊ အာဂမနယ ပဒေသကျောင်း၊ ဆရာတော် ဘဒ္ဒန္တပညာဝံသာဘိဝံသ၊ ဆရာတော်ဘုရားအား ဤစာအုပ်ဖြင့် ရိုသေမြတ်နိုး လက်စုံမိုး၍ ကန်တော့ပန်းဆင်ပါသည် အရှင်ဘုရား....

ဤကဲ့သို့ ကန်တော့ရသော အကျိုးအားကြောင့် ဘုရားတပည့်တော်သည် သံသရာ ဝဋ္ဋဆင်းရဲမှ ကင်း လွတ်၍ ဒုက္ခ အားလုံးတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက် ပြုရပါလို၏ အရှင်ဘုရား....

---

* အမြင့်ဆုံးသည် — မာန

* အရှည်ဆုံးသည် — သံသရာ

* အပူဆုံးသည် — သောက

* အအေးဆုံးသည် — မေတ္တာ

လောက၌ မမြဲသည့် သဘောသာလျှင်၊ အမြဲ ရှိနေသည်။





(အဘိဓဇ မဟာရဋ္ဌဂုရု) ဘွဲ့တံဆိပ်တော်ရ ပဋ္ဌာန်းဆရာတော် (ဘဒ္ဒန္တဝိသုဒ္ဓ)မစိုးရိမ်တိုက်၊ မန္တလေးမြို့နှင့် ရတနာသိဃ် ဆရာတော် ကိုးကွင်းကျောင်းတိုက် ဆရာတော် ကမာရွတ်အဖွား ဆွမ်းခံ့ဖွယ်များ ဆက်ကပ်ရသော အကျိုးအားကြောင့် ဖြစ်လေရာ ဘဝ၌ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား....။

ဘောင်ဝင်း

## ကျွန်ုပ်၏ယုံကြည်ချက်

ကျွန်ုပ်သည် စကြဝဠာတေးမင်း ဖြစ်နေပါစေ တနေ့တော့ အိုခြင်း၊ နာခြင်း၊သေခြင်းဆိုသည့် ဒုက္ခဘေးဆိုးတို့မှ ပြေး၍ လွတ်မည် မဟုတ်။

အောင်ဝင်း

---

---

## ကျွန်ုပ်၏ကိုးကွယ်ရာ

ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်၊မိဘစစ်၊ ဆရာစစ် တို့မှတပါး ကိုးကွယ်ရာသည်မရှိ။

အောင်ဝင်း

စိတ်နှင့် သက်ဆိုင်သမျှ သဘောတရားတို့သည်။ (ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်း ဟူသမျှတို့သည်) စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ တစုံတယောက်သော သူသည် ပြစ်မှားလိုသော (မကောင်းသော) စိတ်ဖြင့် ပြောမူလည်း ပြောအံ့၊ ပြုမူလည်း ပြုအံ့၊ ကြံမူလည်း ကြံစည်အံ့၊ ထိုသို့ပြစ်မှားလိုသော စိတ်ဖြင့် ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊ ကြံစည်ခြင်းကြောင့်၊ ထိုသူ နောက်သို့ လှည်းဘီးစက်သည် ဝန်ကိုဆောင်သော နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့ ဆင်းရဲသည် အစဉ်လိုက် လေ၏။

စိတ်နှင့် စပ်ဆိုင်သမျှ သဘောတရားတို့သည်၊ (ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်းဟူသမျှတို့သည်၊) စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့်ပြီးကုန်၏။ တစုံတယောက်သောသူသည် ကြည်ညိုသော စိတ် မူလည်း ပြောအံ့၊ ပြုမူလည်း ပြုအံ့၊ ကြံမူလည်း ကြံစည်အံ့၊ ထိုသို့ကြည်လင်သော စိတ်ဖြင့် ပြောဆိုခြင်း

ပြုလုပ်ခြင်း၊ ကြံစည်ခြင်းကြောင့်၊ ထိုသူ့နောက်သို့ အရိပ်သည် အစဉ်သကဲ့သို့ ချမ်းသာသည် အစဉ်လိုက်လေ၏။

ဤသူသည် ငါ့ကို ဆဲရေး၏။ ငါ့ကိုညှဉ်းဆဲ၏။ ငါ့ကို နိုင်၏။ ငါ့ ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်ထားလျက် ရန်ငြိုးဖွဲ့ကြသော သူတို့မှာ ရန်သည် မငြိမ်းလေ။

ဤသူသည် ငါ့ကို ဆဲရေး၏။ ငါ့ကိုညှဉ်းဆဲ၏။ ငါ့ကိုနိုင်၏။ ငါ၏ ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်မထား ရန်ငြိုးမဖွဲ့ကြသောသူတို့မှာ ရန်သည် ငြိမ်းလေ၏။

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်။ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း။

လူမိုက်တို့သည် ဤလောက၌ မိမိတို့ အမြဲမနေ သေရဦးမည်ကို မအောက်မေ့ မဆင်ခြင်ပဲ ခိုက်ရန်ပွားကုန်၏။ ပညာရှိတို့သည်ကား မိမိတို့ အမြဲမနေ သေရဦးမည်ကို သိမြင်ဆင်ခြင်ကြ၍ သူမိုက်တို့ကို မတုပဲ ခိုက်ရန်ငြိမ်းအောင် ပြုကုန်၏၊

ဘင့်တယ်သော အာရုံကို အဖန်ဖန်ရှုလေ့ရှိ၍ မျက်စိစသော ဣန္ဒြေ ၆ ပါးတို့ကို မစောင့်ရှောက်၊ အစာအဟာရ၌ အတိုင်းအရှည်ကိုလည်း မသိ၊ပျင်းရိ၍ လုံ့လလည်းမရှိသော သူကို လေပြင်း မုန်တိုင်းသည် အားနည်းသော သစ်ပင်ကို လဲအောင် ဖျက်ဆီးသကဲ့သို့ ကိလေသာ မာန် ကိုယ်တွင်းရန်သည် နှိပ်စက်ဖျက်ဆီး လေ၏။

ခန္ဓာကိုယ် စသော လောကီအာရုံစုကို တင့်တယ်လှပသည်ဟု သဘောထား၍ ရှုလေ့မရှိ။ မျက်စိ စသော ဣန္ဒြေ ၆ ပါး တို့ကို စောင့်ရှောက်၏။ အစာအဟာရ၌ အတိုင်းအရှည် ကိုလည်း သိ၊ ကံ၊ ကံ၏ အကျိုးကို ယုံကြည်ခြင်း။ ဘုရား စသော ရတနာသုံးပါးကို မတုန်မလှုပ် ယုံကြည်ခြင်းလည်းရှိ လုံ့လလည်း ရှိသောသူကို အားနည်းသော လေပြည်လေညင်း သည် ကျောက်တောင်ကို မလှုပ်ဖျက်နိုင်သကဲ့သို့၊ ကိလေသာ မာန် ကိုယ်တွင်းရန်သည် မနှိပ်စက် မဖျက်ဆီးနိုင်။

ရာဂ စသော ကိလေသာဖန်ရည်လည်းမကင်း၊ မျက်စိ စသော ဣန္ဒြေ ၆ ပါးတို့ကို ဆုံးမစောင့်ရှောက်ခြင်းလည်းမရှိ မှန်ကန်သော စကားကိုလည်း ပြောဆိုလေ့မရှိပဲ ဖန်ရည် စွန်းသည့် သင်္ကန်းအဝတ်ကို ဝတ်သောသူသည် သင်္ကန်း အဝတ်နှင့် မထိုက်။

ကိလေသာ ဖန်ရည်ကို စွန့်ပယ်၍ သီလကိုကောင်းစွာ စောင့်ရှောက်၊ မျက်စိ စသော ဣန္ဒြေ ၆ ပါးတို့ကိုလည်း ဆုံးမ စောင့်ရှောက်၊ မှန်ကန်သော စကားကိုလည်း ပြောဆိုလေ့ ရှိသောသူသည်သာလျှင် သင်္ကန်းအဝတ်နှင့် ထိုက်၏။

အနှစ်မရှိသော တရားကို အနှစ်ရှိ၏ဟု မှတ်ထင်၊ အနှစ် ရှိသော သူတော်ကောင်းကို အနှစ်မရှိဟု ထင်မှတ်ကာ၊ အယူ မှားကြသော သူတို့သည် သီလ စသော ဂုဏ်ကျေးဇူးအနှစ်ကို မရကြကုန်။

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိသည်ဟု သိ၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့်အယူ မှန်ကြ

သော သူတို့သည် သီလ စသော ဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

အမိုးကောင်းစွာ မမိုးသော အိမ်အတွင်းသို့ မိုးရေ မိုးပေါက် ဖောက်ဝင်သကဲ့သို့၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းလေ့မရှိသောသူ၏ စိတ်ထဲသို့ ကိလေသာရာဂ၊ ဖောက်ဝင်၏။

အမိုးကောင်းစွာ မိုးသောအိမ်အတွင်းသို့ မိုးရေ မိုးပေါက် ဖောက်မဝင်နိုင်သကဲ့သို့၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းလေ့ရှိသောသူ၏ စိတ်ထဲသို့ ကိလေသာရာဂါ ဖောက်မဝင်နိုင်။

မကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏။ နောင်ဘဝ၌လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ စိုးရိမ်ရ၏။ ထိုသူသည် မိမိပြုမိသော မကောင်းမှုကို မြင်၍ စိုးရိမ်ရ၊ ပင်ပန်းဆင်းရဲရ၏။

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံတို့မြင်၍ အလွန်ဝမ်းမြောက် ဝမ်းသာ ဖြစ်ရလေ၏။

မကောင်းမှုပြုသောသူသည်၊ ဤဘဝ၌လည်း ပူပန်ဆင်းရဲရ၏။ နောင်ဘဝ၌လည်း ပူပန်ဆင်းရဲရ၏။ ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သော ဘဝတို့၏ ပူပန်ဆင်းရဲရ၏။ ထိုသူသည် အပါယ်လေးပါးသို့ သွားရသည့် အခါ သာ၍ပင် ပူပန်ဆင်းရဲရ၏။

ကောင်းမှုပြုသော သူသည်။ ဤဘဝ၌လည်း နှစ်သက်ရ၏။ နောင်ဘဝ၌လည်း နှစ်သက်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ နှစ်သက်ရ၏။ ငါသည် ကောင်းမြတ်သော အမှုကို ပြုရပေသည်ဟု နှစ်သက်ရ၏။ ထိုသူသည် ကောင်းသောဘဝသို့ ရောက်သည့်အခါ သာ၍ပင် နှစ်သက်ရ၏။

အကျိုးကျေးဇူးများ ပိဋကတ်သုံးပုံကို များစွာ ပို့ချသင်ကြား ဟောပြောငြားသော်လည်း၊ ပြုသင့်ပြုထိုက်သော ကမ္မဋ္ဌာန်း ဘာဝနာတရားကို မပွားများပဲ မေ့မေ့လျော့လျော့ နေသောသူသည် မဂ်ဖိုလ်၏ အရသာကို မခံစားရပဲ၊ (သင်ကြား ပို့ချဟောပြော၍ အရိုအသေမျှလောက်သာ ခံစားရ၏။) ဥပမာ အခစား နွားကျောင်းသားသည် မိမိကျောင်းသမျှ နွားများကို မမှားရအောင် ရေတွက်ပြီးလျှင် (နွားရှင်တို့ထံ ပြန်အပ်၍ နွားကျောင်းခသာရလျက်) နွားနို့အရသာကို မခံစားရသကဲ့သို့တည်း။

အကျိုးကျေးဇူးများသော ပိဋကတ်သုံးပုံကို ပို့ချသင်ကြား အဟောအပြော နည်းပါးသော်လည်း တရားတော်နှင့် အညီ ကျင့်ကြံနေထိုင်သော သူသည် ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်၍ တရားမှန်ကို သိပြီးလျှင် ကိလေသာမှ ကောင်းစွာ လွတ်သော စိတ်ရှိလျက်၊ ဤဘဝကိုလည်းကောင်း၊ နောင်ဘဝကို လည်းကောင်း အစွဲအလမ်း မရှိပဲ မဂ်ဖိုလ်အရသာကို ခံစားရလေ၏။

ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် ပူပန်ဆင်းရဲ အဖန်တလဲလဲ သေရခြင်း၏ အကြောင်းဖြစ်၏။ မမေ့လျော့သော သူတို့သည် မသေရာနိဗ္ဗာန်သို့ ရောက်ကြမည်ဖြစ်၍ မသေသောသူများ ဖြစ်ကြ၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့သော သူတို့သည် အသက်ရှင်လျက်ရှိကြသော်လည်း အဖန်တလဲလဲ သေကြဦးမည်ဖြစ်၍ သေသောသူနှင့် တူကုန်၏။

ဤသို့ မေ့လျော့သူနှင့် မမေ့လျော့သောသူ၏ ထူးခြားကြောင်းကို သိကြ၍ ပညာရှိတို့သည် မမေ့လျော့သော သတိတရား၌ ရွှင်လန်းဝမ်းမြောက်စွာ ဘုရားအစရှိသော သူတော်ကောင်းတို့၏ ကျက်စားရာ လောကမှ လွတ်မြောက်ကြောင်းတရား၌ မွေ့လျော်ကုန်၏။

ထိုပညာရှိတို့သည် ဈာန်သမာပတ်ရကြ၍ အမြဲလုံ့လနှင့် ပြည့်စုံကြသဖြင့် အနှောင်အဖွဲ့ကင်းရာ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြကုန်၏။

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်၊ နှုတ်၊ စိတ်သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့လျော့သောသူမှာ စည်းစိမ်ဥစ္စာ အရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။

လုံ့လရှိခြင်း၊ မမေ့မလျော့ခြင်း၊ သီလစောင့်ခြင်း၊ မျက်စိစသော ဣန္ဒြေကို စောင့်ခြင်း၊ ဤလေးပါးတို့ဖြင့်၊ ပညာရှိသည် သံသရာတည်းဟူသော သမုဒ္ဒရာ၌ ကိလေသာ ရေအယဉ် မဖျက်ဆီးနိုင်သည့် အရဟတ္တဖိုလ်တည်းဟူသော မိမိ၏မှီခိုရာကျွန်းကို ပြုရ၏။

ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝတို့၌ အကြောင်းအကျိုး မသိ ပညာမရှိသော လူမိုက်တို့သည် မေ့မေ့လျော့လျော့ အချိန်ဖြုန်းကြ၏။ ပညာရှိသော သူသည်ကား သတိတရားကို မြတ်သော ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

မေ့မေ့လျော့လျော့ အချိန်မကုန်စေကြလင့်၊ ကိလေသာအာရုံ ကာမဂုဏ်၌ မွေ့လျော်ပျော်ပါးတတ်သော တဏှာနှင့်မပေါင်းဖော်ကြလင့် မမေ့လျော့ပဲ၊ ကမ္မဋ္ဌာန်း ရှုလေ့ရှိသောသူသည် ကြီးကျယ်ပြန့်ပြောသော နိဗ္ဗာန်ချမ်းသာကို ရလေ၏။

ပညာရှိသော မမေ့လျော့သော သတိဖြင့် မေ့လျော့ခြင်းကို ပယ်ဖျောက်၍ စိုးရိမ်ကြောင့်ကြကင်းစွာ၊ ပညာတည်းဟူသော ပြသာဒ်ပေါ်သို့တက်ကာ၊ စိုးရိမ်ကြောင့်ကြရှိကြသော သတ္တဝါအပေါင်းတို့ကို ကြည့်ရှုလေ၏။ တောင်ထိပ်ပေါ်ရှိသော သူသည် မြေပြင်၌ရှိသော သူတို့ကို ကြည့်ရှုသကဲ့သို့ မမေ့လျော့သော ပညာရှိသည် မေ့လျော့သော သူမိုက်တို့ကို ကြည့်ရှုလေ၏။

မေ့လျော့ကုန်သော သူတို့တွင် မမေ့လျော့သော အိပ်ပျော်သော သူတို့တွင် များစွာ နိုးကြားတတ်သော သူတော်

ကောင်း ပညာရှိသည် (ခွန်အားကြီးလျှင် လျင်မြန်သော မြင်းကော င်းသည် အားမရှိသော မြင်းပိန်ကို နောက်၌ ချန်ထားခဲ့၍ ရှေ့သို့တက်သွားသကဲ့သို့) မေ့လျော့သော သူကို သံသရာ့အဝွန့်၌ စွန့်ထားခဲ့၍ နိဗ္ဗာန်သို့ သွားလေ၏။

ကုသိုလ် ကောင်းမှု၌ မမေ့လျော့ခြင်းကြောင့် သိကြားမင်းသည် နတ်တကာတို့ထက်မြတ်သော အကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့လျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

မီးသည်ကြီးငယ် မရှောင်လောင်စာဟူသမျှကို လောင်၍ သွားသကဲ့သို့ မမေ့လျော့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်း၏ အပြစ်ကို မြင်သော ရဟန်းသည် နည်းများမဟူ သံသောဇဉ် အနှောင် အဖွဲ့ ဟူသမျှကို အရိယာမဂ်ဘည်းဟူသော မီးဖြင့် ရှို့လျက် နိဗ္ဗာန်သို့ သွားလေ၏။

မမေ့လျော့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်း၏ အပြစ်ကို မြင်သော ရဟန်းသည် မဂ်ဖိုလ်တရားမှ မဆုတ်ယုတ်ပဲ နိဗ္ဗာန်နှင့်သာ နီးကပ်လျက်ရှိ၏။

ကာမ ဂုဏ်အာရုံ၌ တုန်လှုပ်တတ်သော၊ အာရုံတခုတည်း၌ မတည်တန့်နိုင်သဖြင့် လျှပ်ပေါ်သော၊ ကာမဂုဏ် အာရုံသို့ မသွားအောင်စောင့်စည်းနိုင်ခဲ၊ တားဆီးနိုင်ခဲသော စိတ်ကို (လေးသမားသည် မြှားကောက်ကို တဖြည်းဖြည်း ဖြောင့်သကဲ့သို့) ပညာရှိသည် သမထ ဝိပဿနာဉာဏ်ဖြင့် တဖြည်းဖြည်း ဖြောင့်လေ၏။

ငါးသည် ရေမှ ဆယ်ယူ၍ ကုန်းပေါ်သို့ ပစ်လိုက်သည့် အခါ လွန့်လူးကာ တုန်တဆွေ့ဆွ ခုန်သကဲ့သို့၊ ကာမဂုဏ်၌ ပျော်ပါးကျက်စား နေကြဖြစ်သော စိတ်သည် ကိလေသာ ကင်းရန် ကာမဂုဏ်ဟည်းဟူသော ရေမှထုတ်၍ ကမ္မဋ္ဌာန်း ဘာဝနာ၊တည်းဟူသော ကုန်းပေါ်သို့ တင်လိုက်သည့်အခါ တုန်တုန်လှုပ်လှုပ် ဖြစ်လေ၏။

နှိမ်နင်းရန် ခဲယဉ်း အဖြစ်အပျက်အလွန်မြန်၊ မျိုးနွယ်နိမ့် မြင့် သင့် မသင့်ကို ချင့်တွက်မရှိ တွေ့မိတွေ့ရာ ကာမဂုဏ်၌ ကျရောက်လေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် အလွန်ကောင်း မြတ်၏။ ဆုံးမ၍ ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ဆောင်တတ်၏။

မြင်နိုင်ရန် အလွန်ခဲယဉ်း အလွန်သိမ်မွေ့၍ မျိုးနွယ်နိမ့် မြင့် သင့်မသင့်ကို ချင့်တွက်မရှိ တွေ့မိတွေ့ရာ ကာမဂုဏ်၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက် ရာ၏။ လုံခြုံစွာ စောင့်ရှောက်အပ်သော စိတ်သည် ချမ်းသာ ကို ဆောင်တတ်၏။

စိတ်သည် အဝေး၌ရှိသော အာရုံသို့လည်း သွားတတ်၏။ တခုပြီးတခု ဖြစ်တတ်၏။ အကောင်အထည်ဟူ၍ လည်းမရှိ။ ဟဒယဝတ္ထု နှလုံးတည်းဟူသော လိုဏ်ဂူမှင်ကိုမှီ၍ဖြစ်ပေ၏၊ ဤစိတ်ကို လုံခြုံစွာ စောင့်ရှောက်ကုန်သော သူတို့သည် မာရ်နတ်မင်း၏ အနှောင်အဖွဲ့တည်းဟူသော ဆင်းရဲမှ လွတ် မြောက်ကုန်၏။

တည်တန့်သော စိတ်လည်းမရှိ၊ သူတော်ကောင်းတရား ကိုလည်း မသိ၊ ယုံကြည်ခြင်းဟူသော သဒ္ဓါတရားလည်း မခိုင်မာသူမှာ လောကီ လောကုတ္တရာ ပညာမပြည့်စုံလေ။

ရာဂဖြင့် မ္ဘက်သော စိတ်လည်းရှိ၊ ဒေါသမထိပါးသော စိတ်လည်းရှိ၊ မကောင်းမှုကို ပယ်ပြီး၍၊ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှလည်း နိုးသောသူမှာ ကြောက်စရာဘေးမရှိ။

ဤခန္ဓာကိုယ်သည် အိုးနှင့်တူစွာ ကြာကြာမတည် ပျက် စီးတတ်သည်ဟု သိ၍ မိမိ၏ စိတ်ကို ရန်သူမဝင်နိုင်အောင် လုံခြုံစွာ ကာကွယ်စောင့်ရှောက်သော မြို့နှင့် ပမာပြု၍ စောင့်ရှောက်ပြီးလျှင်၊ ပညာတည်းဟူသော လက်နက်ဖြင့် ကိလေသာ မာန် ရန်သူအပေါင်းကို စစ်ထိုးရ၏။အောင်မြင်၍ ရပြီးသော ဉာဏ်ကိုလည်း မပျက်အောင် စောင့်ရှောက် ရာ၏။ ရပြီးသော ချမ်းသာကို သာယာကပ်ငြိ၍ မနေရာ။

ဤခန္ဓာကိုယ်သည် မကြာမြင့်မီ ဝိညာဉ်ကင်း၍ စွန့်ပစ် ရမည့် အခြေသို့ရောက်ပြီးလျှင် အသုံးမကျသော ထင်းတုံး ကဲ့သို့ မြေ၌ တုံးလုံးအိပ်ပျော်ရလတ္တံ့။

ခိုးသူတယောက်သည် မိမိကို ပြစ်မှားကျူးလွန်ဖူးသော ခိုးသူတယောက်ကို မြင်သည်ရှိသော်၊ သို့မဟုတ်၊ ရန်သူ တယောက်သည် ရန်ဘက်တဦးကို မြင်သည်ရှိသော် အကျိုးမဲ့ ဖျက်ဆီးခြင်းကိုပြုရာ ၊ (သို့ရာတွင် ဤဘဝတွင်သာ ပြုနိုင် ၏။) ယုတ်မာသဖြင့် ရန်ငြိုးထားသော စိတ်ကား (ခုဘဝ— နောင်ဘဝတို့၌ အကျိုးပေးတတ်သဖြင့်) သာ၍ အကျိုးမဲ့ ဖျက်ဆီးခြင်းကို ပြုနိုင်၏။

နတ်ချမ်းသာ ဗျာန်သမာပတ် ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို မိခင်သည်လည်း မပေးနိုင်၊ ကောင်းစွာ စောင့်ရှောက်ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘဆွေမျိုးထက် ပိုလွန်၍ လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ပေးနိုင်၏။

အဘယ်သူသည် ဤခန္ဓာကိုယ်တည်းဟူသော မြေကြီးကို မိမိဉာဏ်ဖြင့် ဝေဖန်စိစစ်နိုင်လတ္တံ့နည်း၊ အပါယ်ဘုံကိုလည်းကောင်း၊ နတ်ဘုံ၊ ဗြဟ္မာဘုံနှင့် တကွသော ဤလူ့ဘုံကိုလည်းကောင်း၊ အဘယ်သူသည် ဝေဖန်သိနိုင်သနည်း၊ လိမ္မာသော ပန်းသည်သည်လည်းကောင်း၊ မကောင်းသောပန်းကို ရွေးချယ်စိစစ်နိုင်သကဲ့သို့၊ ကောင်းစွာ ဟောအပ်သော တရားအစုကို အဘယ်သူသည် မိမိဉာဏ်ဖြင့် ရွေးချယ်စိစစ်နိုင်လတ္တံ့နည်း။

သေက္ခပုဂ္ဂိုလ်သည် ခန္ဓာကိုယ်တည်းဟူသော မြေကြီးကို မိမိဉာဏ်ဖြင့် ဝေဖန် စိစစ်နိုင်လတ္တံ့၊ အပါယ်ဘုံကို လည်းကောင်း၊ နတ်ဘုံ၊ ဗြဟ္မာဘုံနှင့် တကွသော ဤလူ့ဘုံကိုလည်းကောင်း၊ သေက္ခပုဂ္ဂိုလ်သည် ဝေဖန်သိနိုင်သနည်း၊ လိမ္မာသော ပန်းသည် သည်လည်း မကောင်းသော ပန်းကို ရွေးချယ် စိစစ်နိုင်သကဲ့သို့၊ ကောင်းစွာ ဟောအပ်သော တရားအစုကို သေက္ခပုဂ္ဂိုလ်သည် ရွေးချယ်စိစစ်နိုင်သည်။

ဤခန္ဓာကိုယ်သည် ရေမြှုပ်ပမာ ကာလမရှည် ပျက်တတ်သည်ဟူ၍လည်းကောင်း၊ တံလျှပ်မျိုး အကျိုးအဖြစ် အနှစ်မရ အတုမျှသာ ဖြစ်သည်ဟူ၍လည်းကောင်း၊ ကောင်းစွာသိ

သောသူသည် မာရ်နတ်မင်း၏ ပန်းပွင့်နှင့် တူကုန်သော သံ့သရာဝဋ်တို့ကို အရဟတ္တမဂ်ဉာဏ် သံလျက်ဖြင့်ဖြတ်၍ သေမင်း၏ မမြင်ရာ နိဗ္ဗာန်သို့ ရောက်ရာ၏။

ပန်းဥယျာဉ်သို့ဝင်၍ ကောင်းနိုးရာရာပန်းများကို ရွေးချယ်သော သူကဲ့သို့ ငါးပါးအာရုံ ကာမဂုဏ် ချမ်းသာတည်းဟူသော ပန်းတို့ကို ရွေးချယ်လျက်၊ ၎င်းကာမဂုဏ်ချမ်းသာတို့ကို အသွန်စွဲလန်းကာ မေ့လျော့နေသော လူအပေါင်းကို၊ (ကြီးစွာသော ရေအယာဉ်သည် ရွာသူရွာသားတို့ အိပ်ပျော်နေသော ရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့) သေမင်းသည် သိမ်းယူသွားလေ၏။

ပန်းဥယျာဉ်သို့ ဝင်၍ကောင်းနိုးရာရာပန်းများကို ရွေးချယ်သော သူကဲ့သို့ ငါးပါးအာရုံ ကာမဂုဏ်ချမ်းသာတို့ကို ရွေးချယ်လျက် မရသေးသော ကာမဂုဏ်ချမ်းသာတို့ကို တောင့်တ ရပြီးသော ကာမဂုဏ်ချမ်းသာတို့ကို အလွန်တွယ်တာသော လူအပေါင်းသည် ကာမဂုဏ်ချမ်းသာ၌ အလိုဆန္ဒ မပြည့်ဝမီပင်လျှင် သေမင်းခေါ်ရာသို့ လိုက်ရလေ၏။

ပျားပိတုန်းသည် ပန်းပွင့်ကိုလည်းကောင်း၊ အဆင်းအနံ့ကိုလည်းကောင်း မပျက်စီးစေပဲ ပန်းဝတ်ရည်ကိုသာ စုပ်ယူ၍ ပျံသွားသလေသကဲ့သို ရဟန်းသည် မြို့ရွာ၌ လူတို့၏ သဒ္ဓါတရားတည်းဟူသော ပန်း၊ ဥစ္စာတည်းဟူသော အဆင်းအနံ့ကို မထိခိုက် မပျက်စီးစေပဲ ပစ္စည်းလေးပါးတည်း ဟူသော အရသာကိုသာ ခံယူ၍ ကျင့်ရာ၏။

သူတပါးတို့၏ ကြမ်းတမ်းငန်ကို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်။ သူတပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြုမပြုကို မကြည့်ရှု မဆင်ခြင်ရာ။မိမိ၏ကောင်းသောအမှု၊ မကောင်းသောအမှုကို ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။

လှပတင့်တယ်၍ အဆင်းသာရှိလျက် အနံ့မရှိသော ပန်းသည် အနံ့ အကြိုင် မလှိုင်သကဲ့သို့ ကောင်းစွာဟောတော်မူအပ်သည့် ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားတော်ကို ရိုသေကြားနာခြင်း၊ သင်ယူခြင်း၊ ကျင့်ခြင်း မရှိသော သူ အတွက် အကျိုးမရှိ။

လှပတင့်တယ်၍ အဆင်းလည်းရှိ၊ အနံ့လည်းရှိသော ပန်းသည် အနံ့ကြိုင်၍ လှိုင်သကဲ့သို့ ကောင်းစွာဟောတော်မူအပ်သည့် ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားတော် သည် ရိုသေစွာနာခြင်း၊ သင်ယူခြင်း၊ ကျင့်ခြင်းရှိသော သူ အတွက် အကျိုးများစွာရှိ၏။

လိမ္မာသောပန်းသည်သည် အထူးထူး အပြားပြား များစွာ သော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော)သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရား တည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်း ကုံးတို့ကို ပြုရာ၏။

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏ အနံ့သည် လေထက် လေညာသို့ မပျံ့မလှိုင်၊ သူ

တော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွတ်မြတ်၏။

တောင်ဇလပ်ပန်း၊ စန္ဒကူးပန်းတို့၏ အနံ့သည် အနည်းငယ်မျှသာ ဖြစ်၏။ သီလရှိသော သူတို့၏ သတင်းအနံ့သည် ထူးကဲလွန်မြတ်သည်ဖြစ်၍ နတ်ပြည် ဗြဟ္မာပြည်တို့၌လည်း ပျံ့နှံ့ကြိုင်လှိုင်၏။

သီလနှင့်ပြည့်စုံ၍ မမေ့မလျော့နေလေ့ရှိသဖြင့် တရားမှန်ကို ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက် ကုန်သော သူတော်ကောင်းတို့၏ သွားရာ လမ်းခရီးကို မာရ်နတ်သည် မသိ။ ရှာ၍မရ။

ခရီးလမ်းမတွင် စွန့်ပစ်ထားသော အမှိုက်ပုံ၌ အနံ့မွှေးကြိုင်၍ နှစ်သက်ဖွယ်ရှိသော ကြာပန်းသည် တင့်တယ်စွာ ပေါက်ရာသကဲ့သို့။

ထို့အတူ အမှိုက်ပုံသဖွယ်ဖြစ်ကုန်သော သူဘို့၏အလယ်၌ နေသည့် ဘုရားတပည့်ဖြစ်သောသူသည် ပညာမျက်စိမရှိသဖြင့် အကန်းသဖွယ်ဖြစ်ကုန်သော လူသာမန်တို့ကို သီလ၊ သမာဓိ၊ ပညာဖြင့် လွှမ်းမိုး၍ တင့်တယ်၏၊

နိုးကြား(အိပ်မပျော်)သော သူအတွက် ညဘာသည် ရှည်၏။ ခရီးပန်းသော သူအတွက် ယူဇနာခရီးသည် ရှည်၏။

သူတော်ကောင်းတရားကိုရှာသောသူသည် မိမိထက် သီလ၊ သမာဓိ၊ ပညာ သာလွန်သော သူကိုလည်းကောင်း၊ မိမိနှင့် ဂုဏ်ရည်တူ ဖြစ်သော သူကို လည်းကောင်း၊ မရနိုင်ခဲ့မူ။ တယောက်ဘည်းသာ ကောင်းစွာ ကျင့်ရာ၏။ သူမိုက်နှင့် မပေါင်းဖော်ရာ။

ငါ့မှာ သားသမီးတွေရှိ၏။ ပစ္စည်းဥစ္စာတွေရှိ၏ဟု (သားသမီး ပစ္စည်း ဥစ္စာတို့ကို တွယ်တာ၍ မမြဲခြင်းသဘောတရားကို သတိမထားသော)သူမိုက်သည် စိုးရိမ်ပူပန်၏။ (ထိုသို့ပင် စိုးရိမ်ပူပန်သော်လည်း အိုခြင်း၊ နာခြင်း နှိပ်စက်၍ သေရမည့်အခါ) မိမိပင်သော်လည်း မိမိအတွက် အားထားရာ မဖြစ်နိုင်။ သားသမီး ပစ္စည်းဥစ္စာတို့သည် အဘယ်မှာ အားထား မှီခိုရာ ဖြစ်နိုင်ကုန်အံ့နည်း။

လူမိုက်ပင်ဖြစ်သော်လည်း မိမိမိုက်ကြောင်း သိသောသူသည် ဤကဲ့သို့ အမှန်သိတတ်သဖြင့် ပညာရှိမည်၏။ လူမိုက်ဖြစ်လျက် မိမိကိုယ်ကို ပညာရှိဟု မှတ်ထင်သော သူကို မိမိမိုက်ကြောင်းကိုမျှ မသိတတ်သဖြင့် တကဲ့ပညာမဲ့ လူမိုက်ဟု ခေါ်၏။

ဟင်းမွှေသော ယောင်းမသည် ကာလကြာမြင့်စွာ ဟင်းကို မွှေသော်လည်း အပေါ့အငံ အဖန်အခါးစသော ဟင်း၏ အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ရှည်သမျှ ကာလပတ်လုံး ပညာရှိနှင့် အတူနေ၍ ဆည်းကပ်ငြားသော်လည်း သူတော်ကောင်းတရားကို မသိလေ။

လျှာသည် ချိုချဉ်ခါးဖန် အငံအပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အသိမှာဉာဏ်ရှိသော သူသည် တခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ ကျိုးကြောင်း မမြင် အဆင်ခြင်ဉာဏ် ပညာမရှိကြသော လူမိုက်တို့သည် မိမိကိုယ်ကို မိမိ၏ ရန်သူကဲ့သို့ ပြုလုပ်ကာ၊ မခံမရပ်နိုင်အောင် ထက်မြက်သည့် အကျိုးကို ပေးတတ်သော မကောင်းမှုကို ပြုလျက် လှည့်လည်နေထိုင်ကြ၏။

အမှုတခုခုကို ပြုလုပ်သည်အတွက် နောင်တဖန် ပူပန်ရ တတ်၊ မျက်ရည်စက်လက် ငိုကြွေးလျက် ဆင်းရဲခံရတတ်လျှင် ထိုအမှုသည် မကောင်း။

အမှုတခုခုကို ပြုလုပ်တတ်သည့် နောင်တဖန် ပူပင်ခြင်း မဖြစ်ရပဲ၊ နှစ်သက်ဝမ်းမြောက်စွာ ကောင်းချီးချမ်းသာကို ခံစားရလျှင်၊ ထိုအမှုသည် ကောင်း၏။

သူမိုက်သည် မိမိပြုသော မကောင်းမှု အကျိုးမပေးသေး သမျှ ကာလပတ်လုံး မကောင်းမှုကို နှစ်သက်ဝမ်းမြောက်စွာ ပျားသကာကဲ့သို့ မှတ်ထင်၏။ သူမ၏ မကောင်းမှု အကျိုး ပေးသောအခါ သူမိုက်သည် ဆင်းရဲဒုက္ခသို့ ရောက်လေ၏။

လူမိုက်သည် ခြိုးခြံ၍ အကျင့်ကို ကျင့်အံ့ဟု လတိုင်း လ တိုင်း သမန်းမြက်ဖျားဖြင့်သာလျှင် အစာကို ခြိုးခြံ၍ စား၏။ ဤကဲ့သို့ ခြိုးခြံသော အကျင့်ကို အနှစ်တရာပတ်လုံးကျင့်သော် လည်း ထိုသူမိုက်သည် သူတော်ကောင်းတရားကို ပိုင်းခြား၍

သိကုန်သော သူတို့၏ တဆယ့်ခြောက်စိပ် တစိပ်ကိုမျှ မမှီနိုင်လေ။

ညစ်ငြိုးဖြစ်သောနို့ရည်သည် ရုပ်တရက် နို့ခန်းစေသော အဖြင်သို့ မပြောင်းသေးပဲ တဖြည်းဖြည်း ပြောင်းသကဲ့သို့ ပြုသင့်စဖြစ်သော မကောင်းမှုသည် တဖြည်းဖြည်း အကျိုးပေးသေး၏။ အကျိုးပေးသောအခါ ပြာဖုံးနေသော မီးကဲ့သို့ သူမိုက်ကိုလောင်၍ အစဥ်လိုက်လေ၏။

လူမိုက်မှာရှိသောအတတ်ပညာသည် ထိုလူမိုက်၏ အကျိုးမဲ့ပျက်စီးရန်အတွက်သာ ဖြစ်၏။ ထိုလူမိုက် ဖြူစင်သောကောင်းမှုအဖို့ကို ဖျက်ဆီးတတ်၏။ ထိုလူမိုက်၏ ပညာတည်းဟူသော ဦးထိပ်ကို ပြတ်၍ ကျစေတတ်၏။

မလိမ္မာသော ရဟန်းသည် ရဟန်းတို့၏ အလယ်၌ မိမိဘင်ထင်ရှားမရှိသော ဂုဏ်ဖြင့် ချီးမွမ်းခြင်းကို လည်းကောင်း၊ ခြံရုံလျက် မိမိအား ရှေ့ဆောင်ပြုခြင်းကို လည်းကောင်း၊ ကျောင်းတို့၌ အစိုးရခြင်းကိုလည်းကောင်း၊ ဆွေမျိုးမဟုတ်သော ဒါယကာ ဒါယိကာမတို့၏ ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ခြင်းကိုလည်းကောင်း အလိုရှိ၏။

ငါ့ကြောင့်သာ အမှုခပ်သိမ်းပြီး၏ဟု ရဟန်းရှင်လူအပေါင်းတို့ မှတ်ယူကြ စေကုန်သတည်း။ ရဟန်းရှင်လူအပေါင်းတို့သည် ငါ၏ အလိုသို့ လိုက်ကြစေကုန်သတည်း။
2 အမှုကြီးငယ်ကို ဆောင်ရွက်သော အခါလည်း ငါ၏ အလို

သို့ လိုက်ကြစေကုန်သတည်းဟု မလိမ္မာသော ရဟန်းမှာ ဤသို့သော အကြံအစည်မျိုး၊ အလိုရန်မက်မျိုး မာနမျိုးသည် ပွားလေ၏။

လာဘ်ရကြောင်း ဖြစ်သော အကျင့်သည်တပါး နိဗ္ဗာန် ရောက်ကြောင်းဖြစ်သော အကျင့်သည် တခြား၊ ဤသို့အကျင့် နှစ်ပါး ခြားနားကြောင်းကို ကောင်းစွာသိ၍ ဘုရားတပည့် သားဖြစ်သော ရဟန်းသည် လာဘ်ပူဇော်သက္ကာကို မနှစ်သက် မတောင့်တရာ၊ တကိုယ်တော် နေခြင်းတည်းဟူသော ကာယ ဝိဝေက၊ သမာပတ် ရှစ်ပါးဘည်းဟူသော စိတ္တဝိဝေက၊ နိဗ္ဗာန်တည်းဟူသော ဥပဓိဝိဝေကကို အစဉ်ပွားစေရာ၏။

အပြစ်ကို အပြစ်နှင့် လျော်စွာ နှိမ်နင်းဆိုဆုံးမသော့ရှိသော ပညာကို၊ မြေဌ်မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြား လှာသော သူကဲ့သို့ သဘောထား၍ ဆည်းကပ်ရာ၏။ ထိုသို့ သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အသွန် အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

အမှုရောက်သောအခါ အပြစ်ကိုပြ၍ အပြစ်နှင့် လျော်စွာ ဆုံးမရာ၏။ အမှုမရောက်ခါကသည်း မကောင်း မှု မပြုလေ အောင် ကြိုတင်ဆုံးမ၍ မကောင်းသော အပြုအမူတို့မှာ တားမြစ်ရာ။ ထိုသို့ဆုံးမတားမြစ်သော သူကို သူတော်ကောင်း တို့ ချစ်မြတ်နိုးကုန်၏။ သူယုတ်မာတို့ကသာ မချစ်မမြတ်နိုး ကုန်။

ယုတ်မာသော အဆွေခင်ပွန်းတို့ကို မဆည်းကပ်ရာ၊ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသော သူတို့ကိုလည်း မဆည်းကပ်မှီဝဲရာ၊ အဆွေခင်ပွန်းကောင်းနှင့် သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရာ၏။

လောကုတ္တရာ တရားတည်းဟူသော အမြိုက် ရေအေးသောက်ရသော သူသည် အထူးသဖြင့် သန့်ရှင်း ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ ချမ်းသာစွာနေရ၏၊ ပညာရှိသည့် ဘုရားစသော အရိယာသူတော်ကောင်းတို့ ဟောကြားအပ်သော ဗောဓိပက္ခိယတရား၌ အမြဲမွေ့လျော်၏။

လယ်လုပ်ယောက်ျား ရေယူသမားတို့သည် ရေကို မိမိလိုရာအရပ်သို့ သွယ်သွင်းကြကုန်၏။ လေးသမားတို့သည် ကောက်သော မြားကို ဖြောင့်ကုန်၏။ သစ်ခွဲသမားတို့သည် သစ်ကို မိမိအလိုရှိတိုင်း ရအောင် ခွဲကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

အခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်မလှုပ်။

နက်လှစွာသော ရေအိုင်သည် (သမုဒ္ဒရာသည်) အနှောင့်အယှက် အနောက်အယှက်မရှိ ကြည်လင်သကဲ့သို့ ပညာရှိတို့သည် ဘုရားရှင် ဟောကြားသော တရားတို့ကို ကြားနာကြ၍ အထူးကြည်လင်ကုန်၏။

ပညာရှိသူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မောခြင်းကို စွန့်ပယ်ကုန်၏။ ကာမဂုဏ်အလိုရှိသော သဘောထားနှင့် စကားမပြောကြကုန်။ ချမ်းသာဆင်းရဲနှင့် တွေ့ကြသော်လည်း တက်ကြွ မြင့်မောက်သောသဘော၊ ညှိုးငယ်နိမ့်ကျသော သဘောကို မပြုကြကုန်။

ပညာရှိမည်သည် မိမိအတွက်ဖြစ်စေ၊ သူတပါးအတွက် ဖြစ်စေ၊ မကောင်းမှုကိုမပြု၊ ယုတ်မာသောအကျင့်ဖြင့် သားသမီးပစ္စည်းဥစ္စာ တိုင်းပြည်စည်းစိမ်ကိုအလိုမရှိရာ။ မတရားသဖြင့် မိမိ၏စည်းစိမ်ချမ်းသာပြည့်စုံခြင်းကိုအလိုမရှိရာ၊ သီလရှိသောသူ၊ ပညာရှိသောသူ၊ တရားရှိသောသူဖြစ်ရာ၏။

လူအပေါင်းတို့တွင် သံသရာတည်းဟူသော သမုဒ္ဒရာ၏ ထိုမှာဘက်စွန်း နိဗ္ဗာန်ကမ်းသို့ ကူးမြောက်သောသူ နည်းပါးကုန်၏။ နိဗ္ဗာန်မရောက်ပဲ ကျန်နေကြသော လူအများတို့သည် သက္ကာယဒိဋ္ဌိတည်းဟူသော ဤမှာဘက်ကမ်းသို့သာ အလျင်အမြန် ပြန်လာကုန်၏။

ကောင်းစွာဟောအပ်သော တရားတော်ကို ကြားနာကြ၍ တရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကုန်သော သူတို့သည်ကား အလွန် ကူးမြောက်နိုင်ခဲသော သေမင်း၏ နေရာ သံသရာတည်းဟူသော သမုဒ္ဒရာကိုကူး၍ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ ရောက်ကုန်လတ္တံ့။

ပညာရှိသောသူသည် မည်းညစ်သောဒုစရိုက်ကို ပယ်စွန့်၍ ဖြူစင်သောသုစရိုက်တရားကို ပွားများရာ၏။ တဏှာ၏အရာ ဖြစ်သော ကာမဂုဏ်မှ တဏှာကင်းရာနိဗ္ဗာန်ကို ရည်မှန်း၍ လူသာမန်တို့ မမွေ့လျော်နိုင်ခဲသော ဆိတ်ငြိမ်ရာ၌ မွေ့လျော်ရာ၏။

ပညာရှိသည်၊ ကာမဂုဏ်တို့ကိုစွန့်၍ ရာဂ စသော စိုးရိမ်ခြင်းမရှိပဲ၊ နိဗ္ဗာန်တည်းဟူသော ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်းကို အလိုရှိရာ၏။ စိတ်ကို ညစ်ညူးစေတတ်ကုန်သော အနှောင့်အယှက်တို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

အရဟတ္တမဂ်၏ အကြောင်းဖြစ်သော ဗောဇ္ဈင်တရားတို့၌ ကောင်းစွာစိတ်ကိုပွားများသောသူတို့သည် လောက၌ တစုံတခုကိုမျှ မစွဲလမ်းမူ၍ စွဲလမ်းခြင်းကင်းရာ နိဗ္ဗာန်၌ မွေ့လျော်ကုန်၏။ အရဟတ္တမဂ်ဉာဏ်ရောင်တောက်လျက် ဘုန်းတန်ခိုးရှိကုန်သောကိလေသာကုန်ခန်းသည့် ထိုရဟန္တာ ပုဂ္ဂိုလ်သည် ဤလောက၌ နိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းရေး အစစ်ကို ရကြကုန်၏။

သံသရာခရီးရှည်ကိုသွားပြီး၍ စိုးရိမ်ခြင်းကင်း၏။ ခန္ဓာစသည့်ဝဋ်တရားအားလုံးတို့မှလွတ်မြောက်၍ အနှောင့်အယှက်အားလုံးတို့ကို ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်မှာ ပူပန်စိုးရိမ်ခြင်း မရှိ။

သတိရှိသောပုဂ္ဂိုလ်တို့သည် သမထ ဝိပဿနာ ကမ္မဋ္ဌာန်း စသည်၌ လုံ့လပြုကုန်၏။ ပစ္စည်းဥစ္စာနေ့ထိုင်ရာ အဆောက်

၇၆၀၀၁ သာသနာရေးဦးစီးဌာန စာကြည့်တိုက်

အအုံစသည်တို့၌ စွဲလန်းငဲ့ကွက်ခြင်း မရှိကုန်။ ဟင်္သာငှက်တို့သည် မိမိတို့ကြက်စားရာ ရွံ့ညွန်အိုင်ကို အစွဲလန်းမငဲ့ကွက်ပဲ၊ စွန့်ခွာပျံသွားကြသကဲ့သို့၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ငဲ့ကွက်တွယ်တာစရာဟူသမျှကို စွန့်ပယ်ကုန်၏။

ရဟန္တာပုဂ္ဂိုလ်တို့သည် ဥစ္စာပစ္စည်း သိုမှီးခြင်းမရှိကုန်။ အစာဘောဇဉ်၏သဘောမှန်ကို ကောင်းစွာသိကုန်၏။ ရာဂစသည့်တို့မှကင်းလွတ်၍ ၎င်းရာဂစသည်အကြောင်းကင်းသော နိဗ္ဗာန်အရုံ၌ ကြက်စားကုန်၏။ ကောင်းကင်၌ ငှက်တို့၏ သွားရာလမ်းကြောင်းကို မမြင်နိုင်သကဲ့သို့၊ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ သွားရာလမ်းကို မမြင်နိုင်။

အာသဝေါ ကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ်သည် အစာအာဟာရကို တတ်မက်သောသဘောဖြင့် မှီဝဲခြင်းမရှိ၊ ရာဂစသည်တို့မှကင်းလွတ်၍ ၎င်းရာဂစသည် အကြောင်း ကင်းသော နိဗ္ဗာန်အာရုံ၌ ကြက်စား၏။ ကောင်းကင်၌ ငှက်တို့၏ သွားရာ လမ်းကြောင်းကို မမြင်နိုင်သကဲ့သို့ ထိုရဟန္တာ၏ သွားရာလမ်းကောင်းကို မမြင်နိုင်။

ကောင်းစွာလေ့ကျင့်သင်ကြားပြီးသောမြင်းကဲ့သို့၊ မျက်စိစသောဣန္ဒြေတို့ကို ငြိမ်သက် တည်ကြည်အောင် ကောင်းစွာစောင့်ရှောက်ပြီး၊ မာနတရားကိုလည်းပယ်ပြီး။ အာသဝေါ တရားလေးပါးမှလည်းကင်းပြီးဖြစ်၍ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း စသည့် လောကဓံတရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိသော ရဟန္တာပုဂ္ဂိုလ်ကို လူသာမာန် နတ်များပါ ချစ်မြတ်နိုးကြ၏။

ရဟန္တာပုဂ္ဂိုလ်သည် မြေကြီးနှင့်တူစွာ သည်းခံခြင်းသဘော ရှိ၍ အမျက်ဒေါသဖြင့် ဆန့်ကျင်ဘက်မပြုတတ်၊ မယိမ်းမယိုင် တံခါးတိုင်ကဲ့သို့ တည်ကြည်၏။ လောကဓံ တရားရှစ်ပါးတို့ ကြောင့် ဖောက်ပြန်ခြင်းမရှိ၊ ကောင်းသော သဘောရှိ၏။ ရွံ့ညွန်ကင်းသဖြင့် ကြည်လင်သော ရေကန်ကဲ့သို့၊ ရာဂစသော ညွှန်ကင်းသဖြင့် အလွန်ကြည်လင်သောစိတ်ရှိ၏။ ထိုသို့သဘော ရှိသော ရဟန္တာ ပုဂ္ဂိုလ်သည် သံသရာ၌ မကျင်လည်လေ။

တရားကို ကောင်းစွာ သိသဖြင့် ကိလေသာမှ ကင်းလွတ် ရရာ၊ စသည့် အပူငြိမ်း၍ လောကဓံတရားရှစ်ပါးတို့နှင့်တွေ့ ကြုံသော်လည်း မတုန်လှုပ်သော ပုဂ္ဂိုလ်၏စိတ်သည် ငြိမ်သက် ၏။ အပြောအဆိုလည်း ငြိမ်သက်၏။ အပြုအမူလည်း ငြိမ် သက်၏။

သူတပါးတို့၏စကားကိုသာယုံကြည်၍ မနေပဲ၊ အကြောင်း တရားတို့ မပြုပြင်အပ်သော နိဗ္ဗာန်ကို ကိုယ်တိုင်လည်းသိ၊ သံသရာဝဋ် တည်းဟူသော အဖွဲ့နှောင်အိမ်၏ အစပ်ကို ဖြတ်၍ ကုသိုလ် အကုသိုလ် အကျိုးပေးခွင့် မျိုးစေ့ကိုလည်း သတ်ပြီး၊ အလိုဆန္ဒ ဟူသမျှ ကိုလည်း ပယ်ပြီးသော ပုဂ္ဂိုလ်သည် ယောကျ်ားမြတ် အစစ်ဖြစ်၏။

ရွာမှာဖြစ်စေ၊ တောမှာဖြစ်စေ၊ ချိုင့်ဝှမ်းရာ နိမ့်ရာအရပ် မှာ ဖြစ်စေ၊ မြင့်သော ကုန်းအရပ်မှာ ဖြစ်စေ။ ရဟန္တာပုဂ္ဂိုလ် တို့ နေသော အရပ်သည် နှစ်သက်မွေ့လျော်ဖွယ်ရှိ၏။

တောဘို့သည် မွေ့လျော်ဖွယ်ရှိကုန်၏၊ သို့ရာတွင် လောကီ အာရုံ ကာမဂုဏ်အပျော်ရှာသော သူအပေါင်းသည် တော၌ မပျော်မမွေ့လျော်လေ၊ ရာဂ ကင်းကုန်သော ပုဂ္ဂိုလ်တို့သည် ကာမဂုဏ် အပျော်ကို မရှာကြသဖြင့် တော၌ မွေ့လျော် ပျော်ကြကုန်၏။

နိဗ္ဗာန်ရောက်ကြောင်းနှင့် မဆိုင်၊ တောတွဲ့ တောင်တွဲ့ အကျိုးမဲ့နှင့်သာ ဆိုင်သော စကား အခွန်း တထောင်ထက်၊ ကြားနာရ၍ ရာဂ စသည့် ကိလေသာ အပူငြိမ်းကြောင်း ဖြစ် သော စကားတခွန်းသည် သာ၍ မြတ်၏။

နိဗ္ဗာန်ရောက်ကြောင်းနှင့်မဆိုင်၊ အကျိုးမဲ့နှင့်သာဆိုင်သော ဂါထာ တထောင်ထက်၊ ကြားနာရ၍ ရာဂ စသည့် ကိလေ သာ အပူငြိမ်းကြောင်း ဖြစ်သော ဂါထာသည် သာ၍မြတ်၏။

နိဗ္ဗာန်ရောက်ကြောင်းနှင့်မဆိုင်၊ အကျိုးမဲ့နှင့်သာဆိုင်သော ဂါထာ ရာပေါင်းများစွာကို ရွတ်ဆိုခြင်းထက်၊ ကြားနာရ၍ ရာဂ စသည့် ကိလေသာ အပူငြိမ်းကြောင်း ဖြစ်သော တရား တပုဒ်ကို ရွတ်ဆိုခြင်းသည် သာ၍ မြတ်၏။

တယောက်သော သူသည် စစ်မြေပြင်၌ လူပေါင်းတထောင် တို့ကို အကြိမ်ပေါင်းတထောင်နိုင်၏။ (၀၁) လူတသန်း တို့ကို နိုင်၏။ အခြားသူ တယောက်သည် (ကမ္မဋ္ဌာန်း ဘာဝနာပွား ခြင်း အားဖြင့် မိမိကိုယ်တွင်း၌ရှိသော ကိလေသာ ရန်သူတို့ ကို သတ်ဖြတ်၍) မိမိတကိုယ်တည်းကိုသာ နိုင်၏။ ထိုနှစ်ဦးတို့

တွင် မိမိတကိုယ်တည်းကို နိုင်သော သူသည်သာ လွန်ထူးကဲသည့် စစ်နိုင်သူ ဗိုလ်ချုပ်ဖြစ်၏။

ကိုယ်တွင်း ကိလေသာ ရန်တို့ကို သတ်ခြင်းအားဖြင့် မိမိကိုယ်ကို နိုင်ခြင်းသည် မြတ်၏။ လောင်းတန်းကစားခြင်း၊ ဥစ္စာကို ခိုးယူခြင်း၊ စစ်တိုက်ခြင်း စသည်ဖြင့် သူတပါးကို နိုင်ခြင်းသည် မကောင်း။

ကိလေသာ ရန်ကင်းအောင် မိမိကိုယ်ကို ဆုံးမ၍ ကိုယ်နှုတ် နှလုံး သုံးပါးကို အမြဲစောင့်ရှောက်သောသူ၏ အောင်ခြင်းကို နတ်သည်လည်းကောင်း၊ ဂန္ဓဗ္ဗနတ်သည်လည်းကောင်း၊ မာရ်နတ်သည် လည်ကောင်း၊ ဗြဟ္မာ သည် လည်း ကောင်း၊ မ ဖျက်ဆီးနိုင်။

အနှစ်တရာ ပတ်လုံး လဟိုင်း လထိုင်း လောကသား ဖြစ်သော လူအပေါင်းတို့ကို ငွေဟထောင်အကုန်ခံ၍ ပေးပူဇော်ခြင်းထက်၊ ဝိပဿနာဖြင့် စိတ်ကို ပွားပြီးသော အရိယာပုဂ္ဂိုလ်တပါးကို တခဏမျှ ပေးလှူပူဇော်ခြင်းသည် သာ၍ မြတ်၏။

(ကိလေသာ ကင်းရန် သဘောနှင့် တောထွက်၍) တော၌ အနှစ် တရာပတ်လုံး မီးပူဇော်ခြင်းထက်၊ ဝိပဿနာဖြင့် စိတ်ကို ပွားပြီးသော အရိယာ ပုဂ္ဂိုလ်တပါးကို တခဏမျှ ပူဇော်ခြင်းသည်သာ၍ မြတ်၏။

လောက၌ ကောင်းမှုကို အလိုရှိ၍၊ မင်္ဂလာပွဲနေ့ စသည်၌ ပေးလှူသော အလှူမျိုး၊ အထူးစီမံ၍ ဧည့်သည်တို့အား ကျွေး

မွေး ပေးလှူသော အလှူမျိုးတို့ကို အနှစ်တရာပတ်လုံး အမြဲမပြတ် ပေးလှူပူဇော်ခြင်းသည်၊ သူတော်ကောင်း အကျင့်မြတ်ကို ဖြောင့်မတ်စွာ ကျင့်ကုန်သော အရိယာ ပုဂ္ဂိုလ်တို့အား ကြည်ညိုသောစိတ်ဖြင့် ရှိခိုးသော ကုသိုလ် စေတနာ၏ လေးဖို့တဖို့ကိုမျှ မမှီလေ။

မိမိထက် အသက် သိက္ခာ ဝါကြီးသော သူတို့ကို အမြဲအရိုအသေ ပြုလေ့ ရှိခိုးလေ့ ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း ဟူသော အကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သီလလည်း မရှိ၊ တည်ကြည်ခြင်းလည်း မရှိသော သူ၏ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက် သီလရှိ၍ ကမ္မဋ္ဌာန်း ရှုသော သူ၏ တရက်မျှ အသက်ရှည်ခြင်းသည် သာ၍မြတ်၏။

ပညာလည်းမရှိ၊ တည်ကြည်ခြင်းလည်း မရှိသော သူ၏ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက်၊ ပညာရှိ၍ ကမ္မဋ္ဌာန်း ရှုသော သူ၏ တရက်မျှ အသက်ရှည်ခြင်းသည် သာ၍ မြတ်၏။

(ကိလေသာ စိတ်ဖြင့်သာ အချိန်ကုန်၍) ပေါ့တန် ပျင်းရိလုံ့လမရှိသော သူ၏ အနှစ်တရာပတ်လုံး အသက် ရှည်ခြင်းထက်၊ ကိလေသာကင်းကြောင်း ကောင်းစွာ အားထုတ်သော သူ၏ တရက်မျှ အသက်ရှည်ခြင်းသည် သာ၍ မြတ်၏။

ခန္ဓာငါးပါးတို့၏အဖြစ်အပျက်ကို မရှု မဆင်ခြင် မမြင်မူ၍ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက်၊ ၎င်းခန္ဓာငါးပါး

တို့၏အဖြစ်အပျက်ကို ကောင်းစွာဆင်ခြင်နိုင်သောသူ၏တရက် မျှ အသက်ရှည်ခြင်းသည် သာ၍မြတ်၏။

သေခြင်းကင်းသော နိဗ္ဗာန်ကိုမမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှည်ခြင်းထက်၊ သေခြင်းကင်းသောနိဗ္ဗာန်ကိုမြင်သော သူ၏တရက်မျှ အသက်ရှည်ခြင်းသည် သာ၍မြတ်၏။

မြတ်သော လောကုတ္တရာတရားကို မမြင်ပဲ အနှစ်တရာ ပတ်လုံးအသက်ရှည်ခြင်းထက်၊ မြတ်သောလောကုတ္တရာတရား ကိုမြင်သောသူ၏တရက်မျှ အသက်ရှည်ခြင်းသည် သာ၍ မြတ်၏။

ကုသိုလ်ကောင်းမှုတို့ကို မြန်မြန်ပြုရာ၏။စိတ်ကို မကောင်း မှုမှ တားဖြစ်ရာ၏။ ကုသိုလ်ကောင်းမှု အပြု နှေးသောသူ၏ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏၊ (ကောင်းမှုအပြု နှေးသောသူ၏ စိတ်ထားထဲသို့မကောင်းမှုဝင်လာတတ်၏)။

မကောင်းမှုကို အကယ်၍ ပြုမိလျှင်၊ ထိုမကောင်းမှုကို ထပ်ခါ ထပ်ခါမပြုရာ။ထိုမကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း မဖြစ်စေရာ (အကြောင်းမူကား) မကောင်းမှု ပွားခြင်းသည် ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ ဆင်းရဲခြင်းကို ဖြစ် စေတတ်၏။

ကောင်းမှုကိုအကယ်၍တကြိမ်တခါပြုမိလျှင်၊ ထိုကောင်း မှုကို ထပ်ခါ ထပ်ခါပြုရာ၏။ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒ ကိုလည်းဖြစ်စေရာ၏။(အကြောင်းမူကား) ကောင်းမှုပွားများ

ခြင်းသည် ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏၊

မကောင်းမှု ပြုသောသူပင် ဖြစ်သော်လည်း မိမိပြုသော မကောင်းမှု အကျိုးမပေးသေးသမျှ၊ ကောင်းကျိုးနှင့် တွေ့ရသေး၏။ မကောင်းမှုအကျိုးပေးသောအခါ ထိုမကောင်းမှု ပြုသောသူသည် မကောင်းကျိုး ဆင်းရဲဒုက္ခနှင့်တွေ့ရ၏။

ကောင်းမှု ပြုသောသူပင် ဖြစ်သော်လည်း မိမိ ပြုသော ကောင်းမှုအကျိုးမပေးသေးသမျှ မကောင်းကျိုးနှင့် တွေ့ရသေး၏။ကောင်းမှုအကျိုးပေးသောအခါထိုကောင်းမှုပြုသောသူသည် ကောင်းကျိုးချမ်းသာနှင့် တွေ့ရ၏။

ငါ၏ အနည်းငယ်မျှသော မကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု မကောင်းမှုကို မထိမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့။ မကောင်းမှုကို အနည်းငယ် အနည်းငယ် ပြုဖန်များသော သူမိုက်သည် မကောင်းမှုနှင့်ပြည့်လေ၏။

ငါ၏အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အားအကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထိမဲ့မြင်မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင်ပြည့်လေသကဲ့သို့၊ကောင်းမှုကို အနည်းငယ် အနည်းငယ် ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပစ္စည်းဥစ္စာ များစွာပါသော ကုန်သည် သည် အဖော်ကုန်သည်အနည်းငယ်မျှနှင့် ဘေးအန္တရာယ်များသော ခရီးကို

မသွားပဲ ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက် ရှည်လို သောသူသည် လတ်တလော သေစေတတ်သော အဆိပ်မှ ရှောင်ကြဉ်သကဲ့သို့ ငုင်းပညာရှိသည် မကောင်းမှုမှ ရှောင်ကြဉ်ရာ၏။

လက်မှာအနာမရှိလျှင် လက်ဖြင့်အဆိပ်ကိုကိုင်သော်လည်း ထိုလက်ကိုအဆိပ်မတက်နိုင်သကဲ့သို့ (အကုသိုလ် စေတနာမရှိသဖြင့်) မကောင်းမှု ပြုသောသူမှာ မကောင်းမှု အပြစ်မရှိ (မကောင်းသောစေတနာမရှိသောသူမှာ မကောင်းမှု မဖြစ် ဟူလို။)

လေညာသို့ပြစ်လွှင့်လိုက်သောမြူမှုံသည် ထိုပြစ်လွှတ်သောသူ၏အပေါ်သို့သာ ပြန်၍ကျသကဲ့သို့ မပြစ်မှားထိုက်သော အပြစ်စင်ကျယ်၍ ကိလေသာကင်းသောပုဂ္ဂိုလ်ကိုပြစ်မှားလျှင် ထိုအပြစ်သည် ထိုသူမိုက်ကိုသာလျှင် မကောင်းကျိုးပေး၏။

အချို့သောသူတို့သည် ဤလူဘုံ၌ အမိဝမ်းတွင် ပဋိသန္ဓေနေကုန်၏(လူပြန်ဖြစ်ကုန်၏) မကောင်းမှု ပြုသောသူတို့သည် ငရဲ၌ဖြစ်ကုန်၏။ ကောင်းမှု ပြုသောသူတို့သည် နတ်ပြည်သို့ သွားကုန်၏။ ကိလေသာကုန်ခန်းသည့်ရဟန်းန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံကုန်၏။

မကောင်းမှု ပြုသောသူသည် ကောင်းကင်၌ နေသော်လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ နေသော်လည်းကောင်း၊ တောင်ခေါင်းထဲ၌ နေသော်လည်းကောင်း မကောင်းမှု၊

အပြစ်မှ မလွတ်ရာ၊ မကောင်းမှုအပြစ်ခံစားရခြင်းမှလွတ်သော အရပ်ဟူ၍တကွက်မျှ မရှိလေ။

ကောင်းကင်၌နေသော်လည်းကောင်း၊ သမုဒ္ဒရာ အလယ်၌ နေသော်လည်းကောင်း၊ တောင်ခေါင်းထဲ၌ ဝင်၍နေသော် လည်းကောင်း၊ သေခြင်းမှမလွတ်ရာ၊ သေမင်းမညှဉ်းဆဲ မနှိပ် စက်နိုင်သောအရပ်ဟူ၍ ဆံချည်တမျှင်စာမျှမရှိ၊

သတ္တဝါအားလုံးတို့သည် တုတ်လှံတံကိုလန့်ကုန်၏။ သေ ခြင်းကိုကြောက်ကုန်၏။ (မိမိသည်လည်း ထိုပ်လန့် ကြောက်ရွံ့ တတ်သောသတ္တဝါတဦးဖြစ်သည့်အတိုင်း) မိမိကိုယ်ကို ပမာ ထား၍ အခြားသတ္တဝါတို့ကို မညှဉ်းဆဲရာ၊မသတ်ဖြတ်ရာ။

သတ္တဝါအားလုံးတို့သည် တုတ် လှံတံကိုလန့်ကုန်၏။ မိမိ တို့၏အသက်ကို ချစ်မြတ်နိုးကုန်၏။ (မိမိသည်လည်း ကိုယ် အသက်ကို ချစ်မြတ်နိုးသောသတ္တဝါတဦးဖြစ်သည့်အတိုင်း)မိမိ ကိုယ်ကို ပမာထား၍ အခြားသတ္တဝါတို့ကိုမညှဉ်းဆဲ၊ မသတ် ဖြတ်ရာ။

သတ္တဝါတို့သည် ချမ်းသာကိုအလိုရှိကုန်၏၊ မိမိ၏ချမ်း သာကိုရှာလျက် သူတပါးတို့ကို တုတ် လှံတံဖြင့်ညှဉ်းဆဲသော သူသည် တခါလွန်ဘဝ၌ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန် ချမ်းသာကို မရလေ။

သတ္တဝါတို့သည်ချမ်းသာကိုအလိုရှိကုန်၏။ မိမိ၏ချမ်းသာ ကိုရှာလျက် သူတပါးတို့ကို တုတ်၊လှံတံဖြင့် မညှဉ်းဆဲသော

သူသည် တမလွန်ဘဝ၌လူ၊နတ်၊နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရလေ၏။

တစုံတယောက်သောသူကိုမျှ ကြမ်းကြုတ်သော စကားကို မဆိုလင့်၊ ကြမ်းကြုတ်သောစကားကိုဆိုလျှင် သင့်ကိုလည်း သူတပါးတို့ပြန်၍ ဆိုကုန်ရာ။ ချုပ်ချယ်လွန်ကြူးသော စကားသည် ဆင်းရဲဒုက္ခကိုဖြစ်စေတတ်၏။ သူတပါးကို ဒဏ်ပြုလျှင် မိမိလည်းဒဏ်ပြန်ခံရ၏။

အနားစုတ်ပျက်ကွဲအက်၍ ဖြစ်ထားသော ကြေးခွက်သည် (ခေါင်းလောင်းသည်) အသံမထွက် ငြိမ်သက်ဲ့သို့၊ မိမိကိုယ်ကို ငြိမ်သက်တည်ကြည်အောင် စောင့်ရှောက်သောသူသည်နိဗ္ဗာန်သို့ ရောက်၏။ ထိုသူမှာချုပ်ချယ်လွန်ကြူးသောသဘောမရှိ။

နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို ကျက်စားရာမြက်ခင်းသို့နှင်သကဲ့သို့၊ အိုခြင်း သေခြင်းသည် သတ္တဝါတို့၏ အသက်ကို သေမင်းနိုင်ငံသို့ပို့နိုင်၏။

လူမိုက်သည် ယုတ်မာသောမကောင်းမှုတို့ကိုပြုသော်လည်း ပြုမှန်းမသိ ထိုသို့ပင် မသိသော်လည်း မိမိ၏ မကောင်းမှုတို့ကြောင့် မီးလောင်သကဲ့သို့ဆင်းရဲပူပန်ရ၏။

အပြစ်ဒဏ်မရှိသောသူ၊ မပြစ်မှားထိုက်သောသူတို့ကိုတုတ်လှံတံ စသည်ဖြင့် ပြစ်မှားကြူးလွန်သောသူသည် ဒုက္ခရောက်ကြောင်း ဒဏ်ဆယ်ပါးတို့တွင် တပါးပါးသို့ အမြန်ရောက်တတ်၏။

(ဒဏ်ဆယ်ပါး ဟူသည်ကား) ပြင်းထန်သော ရောဂါ ဝေဒနာခံစားရခြင်း၊ ဥစ္စာပစ္စည်းပျက်စီး ဆုံးပါးခံရခြင်း၊ လက်ပြတ် ခြေပြတ် စသည်ဖြင့် ကိုယ်အင်္ဂါ ပျက်စီးခံရခြင်း၊ နူနာ စသော ကြီးကျယ်သော အနာကျိုးကို ခံစားရခြင်း၊ ရူးသည်အဖြစ်သို့ ရောက်ရခြင်း။

မင်းဘေးသင့်၍ စည်းစိမ်ချမ်းသာပျက်စီးခံရခြင်း။ ကြမ်းကြုတ်စွာအစွပ်စွဲခံရခြင်း။ မိမိ၏ မှီခိုရာ ဆွေမျိုး အဆက်ပြတ် ပျက်စီးခြင်းနှင့်တွေ့ရခြင်း၊ စည်းစိမ်ဥစ္စာအခြေအနေ ပြောင်းလဲ ပျက်စီးခံရခြင်း။

မိမိအိမ်ကို မီးမိုးကြိုးလောင်မီးသော်လည်းကောင်း။ ငကာတ် မီးသော်လည်းကောင်း၊ အလောင် ခံရခြင်း၊ (ဤကား ဒဏ် ဆယ်ပါးတည်း။ ၎င်းဆယ်ပါးတို့တွင် တပါးပါးကို ခံရတတ်၏။) သေလွန်ပြီးသောအခါ၌လည်း ထိုသူမိုက်သည် ငရဲ၌ ဖြစ်ရ၏။

အဝတ် မဝတ်ပဲ ကျင့်ခြင်း။ ဆံကျစ်ထုံးခြင်း၊ ရွှံ့ညွန် အလိမ်းလိမ်းကပ်၍ ကျင့်ခြင်း၊ အစာဖြတ်၍ ကျင့်ခြင်း၊ မြေ၌ အိပ်ကျင့်ခြင်း၊ မြူမှုန့် အလိမ်းလိမ်း ထင်စေလျက် ကျင့်ခြင်း၊ ဆောင့်ကြောင့် ထိုင်၍ ကျင့်ခြင်း စသည်တို့သည် သစ္စာလေးပါး၌ယုံမှားခြင်းသဘော မကင်းသေးသော သတ္တဝါအပေါင်းကို ကိလေသာ အညစ်အကြေးမှ မစင်ကြယ်စေနိုင်ကုန်။

ကိလေသာငြိမ်းပြီး၊ မျက်စိ စသော ဣန္ဒြေကိုလည်း ဆုံးမ ပြီး၊ ခိုင်မြဲသော သဘောလည်းရှိ၊ မြတ်သော အကျင့်ကို

လည်း ကျင့်လေ့ရှိ၍ သတ္တဝါအားလုံးအပေါ်၌ ညှဉ်းဆဲခြင်း သဘောကိုပယ်ပြီး ဖြစ်သော သူသည် ဝတ်စားတန်ဆာလှပစွာ ဝတ်ဆင်သော်လည်း မကောင်းမှုကို ပယ်ပြီးဖြစ်သောကြောင့် ဗြဟ္မာဏလည်းမည်၏။ ကိလေသာ ငြိမ်းပြီး ဖြစ်သောကြောင့် သမဏလည်းမည်၏။ ကိလေသာကို ဖျက်ဆီးပြီး ဖြစ်သော ကြောင့် ဘိက္ခုလည်း မည်၏။

မြင်းကောင်းသည် ကြိမ်လုံး အခတ်ခံရခြင်းမှ ကင်းလွတ်သကဲ့သို့၊ ကဲ့ရဲ့ဖွယ် ကင်းလွတ်သော မကောင်းမှုမှ ရှက်တတ်သဖြင့် ကိလေသာ အညစ်အကြေးကို ပယ်သော သူတော်ကောင်းသည် လောက၌ အလွန်ရှားပါး၏။

ကြိမ်လုံး အတို့ခံရသော မြင်းကောင်းကဲ့သို့၊ လုံ့လ ထက်သန်ကြကုန်လော့။ သံသရာဝဋ်ဆင်းရဲကို ငြီးငွေ့ ထိတ်လန့်ကြကုန်လော။ ယုံကြည်ခြင်း၊ အကျင့်သီလ ရှိခြင်း။ လုံ့လရှိခြင်း၊ တည်ကြည်ခြင်း၊ တရားသဘောမှန်သိ၍ ဆုံးဖြတ်ခြင်း၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးနှင့် ပြည့်စုံခြင်း၊ သတိရှိခြင်းအားဖြင့် အတိုင်းမသိ အလွန်ရှည်လျားလှသော ဤဝဋ်ဆင်းရဲကို ပယ်ကြကုန်လော။

လယ်လုပ်ယောကျ်ား ရေယူသမားတို့သည် ရေကို လိုရာ အရပ်သို့ သွယ်ယူကုန်၏။ လေးသမားတို့သည် မြားကိုဖြောင့်ကုန်၏။ လက်သမားတို့သည် သစ်ကို လိုသလိုရအောင် ရွေ

ကုန်၏။ သို့ဆုံးမ၊ လွယ်သော သူတော်ကောင်းတို့သည် မိမိ ကိုယ်ကို ဆုံးမ ကုန်၏။

(မိမိကိုယ်၌) အမြဲမပြတ် ကိလေသာ မီးတညီးညီးတောက် လောင်နေပါလျက် အဘယ့်ကြောင့် ရယ်ရွှင်အားရ နှစ်သက် နေကြသနည်း။ တရားမှန်ကို မသိခြင်း တည်းဟူသော အဝိဇ္ဇာ မှောင်တိုက်ကြီး ပိတ်ဆီးနေပါလျက် သင်တို့သည် အဘယ့် ကြောင့် ပညာတည်းဟူသော ဆီမီး အလင်းရောင်ကို မရှာ ကြသနည်း။

အဝတ်တန်ဆာတို့ဖြင့် အဆန်းစာကြယ် ဖြစ်သော အနာ ရောဂါတို့၏ စုပေါင်းရာဖြစ်သော အရိုးတို့ဖြင့် ဆောက်လုပ် အပ်သော၊ နာကြင်တတ်သော လူတို့သည် အထူးထူး အပြား ပြား များပြားစွာ ကြံဆအပ်သော ဤခန္ဓာကိုယ်ကို ရှုလော။

ဤခန္ဓာကိုယ်ချပ်သည် ဆွေးမြည့်ဟောင်းမြည်း အိုမင်းတတ် ၏။ အနာရောဂါတို့၏ တည်ရာလည်း ဖြစ်၏။ အပုပ်ရည်အမြဲ ယိုစီးတတ်၏။ အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏။

ခိုအဆင်းကဲ့သို့ (ဖြူမွဲသော အဆင်းရှိသည့်) အရိုးတို့သည် တန်ဆောင်မုန်းရာသီ၌ ဖရိုဖရဲ စွန့်ပစ်ထားသော ဗူးတောင်းနှင့် တူကုန်၏၊ ထိုအရိုးတို့ကို ကြည့်ရှုသဖြင့် သင်တို့မှာ အဘယ် နှစ် သက် မွေ့လျော်ဖွယ် ရှိအံ့နည်း။

အိုခြင်း၊ သေခြင်း၊ မာန်ထောင်လွှားခြင်း၊ သူဘပါးတို့၏ ဂုဏ်ကို ဖျက်ဆီးခြင်း သဘောတို့၏ တည်ရာဖြစ်သည့် ဤခန္ဓာကိုယ်တည်းဟုသော ကိုယ် အရိုး တို့ဖြင့် ဆောက် လုပ် ၏။ အသားအသွေးတို့ဖြင့် လိမ်းကျံမွမ်းမံ၏။

အဆန်းတကြယ် တန်ဆာဆင်အပ်ကုန်သော မင်းစီးရထားတို့သည် ဆွေးမြည့်ဟောင်းမြည်း အိုခင်းကုန်၏။ ထို့ အတူ ခန္ဓာကိုယ်သည်လည်း ဆွေးမြည့်အိုမင်း၏။ သူတော်ကောင်းတို့၏ တရားသည်ကား ဆွေးမြည့်ဟောင်းမြည်း အိုခြင်းမရှိ၊ သူတော်ကောင်းတို့သည် သူတော်ကောင်း တရားကို သူတော်ကောင်းတို့နှင့် နှီးနှောဟောပြောကုန်၏။

အကြားအမြင် ပညာ နည်းပါးသော သူသည် နွားကဲ့သို့ အို၍ သွားလေ၏။ ထိုသူမှာ အသားသာပွား၍ ပညာကား မပွားလေ။

(မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ ဥဒါန်းကျူးတော်မူသော နှစ်ဂါထာ။) ခန္ဓာကိုယ်တည်းဟူသော အိမ်ကို ဆောက်သုပ်သော လက်သမားကိုရှာခဲ့ပါသော်လည်း။ ၎င်းလက်သမားကို မြင်နိုင်သော ဉာဏ်မရှိသောကြောင့် မဲရေမတွက်နိုင်သော ဘဝများစွာ သံသရာကာလပတ်လုံး ငါကျင်လည်ခဲ့လေပြီ အဖန်ဖန် ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲလှ၏။

ခန္ဓာကိုယ် တည်းဟူသော အိမ်ကို ဆောက်လုပ်တတ်သော အိုတဏှာလက်သမား သင့်ကို (ပညာမျက်စိဖြင့်) ခုငါတွေ့မြင်ရပြီ။ ဤခန္ဓာကိုယ် တည်းဟူသော အိမ်ကို သင် နောင်တဖန် မဆောက်လုပ်ရလတ္တံ့။ သင်၏ကိလေသာ တည်းဟူသော အခြင်နံရိုးတို့ကို ငါချိုးဖျက်အပ်ပြီ။ အဝိဇ္ဇာ တည်းဟူသော အိမ်ခေါင်ထိပ်ကို ဖျက်ဆီးအပ်ပြီ၊ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ပြီ၊ တဏှာကုန်ရာ အရဟတ္တဖိုလ်ကို ရပြီ။

အရွယ်ရှိခိုက်သူတော်ကောင်းအကျင့်ကိုလည်းမကျင့်၊ ဥစ္စာပစ္စည်းကိုလည်းရအောင် အားမထုတ်သော သူမိုက်တို့သည် (အရွယ်လွန်သောအခါ) ရေခန်း၍ ငါးမရှိသော ညွန်ပြင်၌ အတောင်ကုန်ပြီးသော ချိုးကြာအိုကဲ့သို့ ကြုံ့မှိုင်၍သာနေ့ကြရကုန်၏။

အရွယ်ရှိခိုက်သူတော်ကောင်းအကျင့်ကိုလည်းမကျင့်၊ ဥစ္စာပစ္စည်းကိုလည်း ရအောင်အားမထုတ်သော သူမိုက်တို့သည် (အရွယ်လွန်သောအခါ)။ လေးမှ လွှတ်လိုက်ပြီးသည်နောက် အဟုန်ကုန်သော မြားကဲ့သို့ အားမရှိပဲ ရှေးဖြစ်ဟောင်းတို့ကိုသာညည်းတွားအောက်မေ့ကာ နေကြရလေကုန်၏။

မိမိကိုယ်ကိုချစ်လျှင်(အကုသိုလ်မဖြစ်စေရအောင်၊ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရာ၏။ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး)တပါးပါးသော အရွယ်၌

ပညာရှိသောသူသည် မိမိကိုယ်ကိုအကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

ရှေးဦးစွာ မိမိကိုယ်တိုင် သင့်လျော် ကောင်းမြတ်သော အကျင့်ကိုကျင့်ရာ၏။ နောက်မှသူတပါးတို့ကို ဟောပြောဆုံးမရာ၏။ ထိုသို့ကျင့်သောပညာရှိသည် (သူတပါးတို့ ကဲ့ရဲ့ခြင်း ဘေးမှကင်းလွတ်၍) စိတ်ပင်ပန်းညစ်နွမ်းခြင်း မဖြစ်ရာ။

သူတပါးကိုဆုံးမသကဲ့သို့ မိမိကိုယ်ကိုဆုံးမရာ၏။(သူတပါး အားဟောသောတရားကို မိမိကျင့်ရာ၏)မိမိကိုယ်ကို ကောင်းစွာဆုံးမပြီးမှ သူတပါးကိုဆုံးမရာ၏၊ မိမိကိုယ်ကိုဆုံးမရန်ကား အလွန်ခဲယဉ်း၏။

မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏။ သူတပါးသည် မိမိ၏ ကိုးကွယ် အားထားရာ အဘယ်မှာ ဖြစ်ရာအံ့နည်း။ မိမိကိုယ်ကိုကောင်းစွာဆုံးမခြင်းအားဖြင့် ရခဲလှသည့် နိဗ္ဗာန် တည်းဟူသော ကိုးကွယ်ရာကို ရလေ၏။

ကျောက်မှဖြစ်သော (ဝရဇိန်)စိန်သည် မိမိ၏မှီရာဖြစ်သော ထိုကျောက်ကိုပင်လျှင် ထွင်းဖောက် ဖျက်ဆီးသကဲ့သို့ မိမိပြုသော မိမိ၌ဖြစ်သော မိမိကြောင့်ဖြစ်သော မကောင်းမှုသည် ထိုသူမိုက်ကိုပင်လျှင် ဖျက်ဆီးလေ၏။

မာလောနွယ်သည် (မိမိ၏မှီရာဖြစ်သော) အင်ကြင်းပင်ကို သွမ်းမိုးသကဲ့သို့၊ သီလမရှိခြင်း၏ အရင်းခံအစစ် ဖြစ်သည့်

တဏှာအလွှမ်းမိုးခံရသောသူသည် မိမိအကျိုးမဲ့ကိုရန်သူအလို ရှိသည်အတိုင်း မိမိကိုယ်တိုင်ပင်ပြုလုပ်လေ၏။

(အပြစ်မကင်းသဖြင့်) ကောင်းလည်းမကောင်း၊ မိမိ၏ အကျိုးလည်းမရှိကုန်သောအမှုတို့ကို ပြုရန်လွယ်၏။ အကျိုး လည်းရှိ (အပြစ်ကင်းသဖြင့်) ကောင်းလည်း ကောင်းသော အမှုကိုပြုရန် အလွန်ခဲယဉ်း၏။

ပညာမရှိသောသူသည် ယုတ်မာသောအယူ(သဘော)ဖြင့် တရားနှင့်အညီ အသက်မွေး၍ ပူဇော်အထူးကို ခံထိုက်ကုန်သည့် အရိယာပုဂ္ဂိုလ်တို့၏ ဟောပြော ဆုံးမသောတရားကို ရှုတ်ချ တားမြစ်၏။ (ထိုသူမိုက်၏ယုတ်မာသောသဘောသည်) ဝါး ပင်၏အသီးတို့သည် ထိုဝါးပင်ကိုပင် သတ်ရန်သီးကုန်သကဲ့သို့၊ မိမိကိုယ်ကိုအကျိုးမဲ့ပျက်စီးစေရန်သာဖြစ်၏။

မကောင်းမှုကို မိမိပြုလျှင်မိမိသည်ပင် ပူပင်ညစ်ညူးရ၏။ မကောင်းမှုကို မိမိမပြုလျှင် မိမိသည်ပင်စင်ကြယ်၏။ မိမိ၏ စင်ကြယ်ခြင်း၊ မစင်ကြယ်ခြင်းကို မိမိသည်ပင် ပြုလုပ်၏၊ တယောက်သောသူသည် အခြားသူတယောက်ကို ကိလေသာ အညစ်အကြေးမှစင်ကြယ်အောင်မသုတ်သင်နိုင်။

သူတပါး၏များစွာသော အကျိုးစီးပွား အတွက်ကြောင့် မိမိ၏အကျိုးစီးပွားကိုမဆုတ်ယုတ်စေရာ၊မိမိ၏ အကျိုးစီးပွား ကို ကောင်းစွာသိ၍ မိမိ၏ အကျိုးစီးပွား တိုးပွားအောင် လေ့ကျင့်အားထုတ်ရာ၏၊

* * *

## ၁၃ လောက

ယုတ်မာသောကိလေသာတရားကိုမမှီဝဲရာ၊ မေ့မေ့လျော့လျော့မနေရာ၊ မှားသောအယူကိုမယူရာ၊ လောကကြီးပွားရေးအတွက်သက်သက်မဖြစ်ရာ။

ထကြွလုံ့လရှိရာ၏။ သတိ မမေ့ရာ၊ သူတော်ကောင်းအကျင့်ကို ကောင်းစွာ ကျင့်ရာ၏။ တရား ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာနေရ၏။

သူတော်ကောင်းတရားကိုကောင်းစွာကျင့်ရာ၏။မကောင်းသဖြင့်မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာနေရ၏။

(ရုပ်နာမ်အစုအဝေးဖြစ်သော)၊၊လောကကို ရေမြှုပ်ပမာဖြစ်၍ပျက်တတ်သည်ဟုလည်းကောင်း။တံလျှပ်အသွင်ထင်တိုင်းမဟုတ်ဟုလည်းကောင်း။ ရှုဆင်ခြင်သောသူကို သေမင်းသည်မမြင်နိုင်လေ။

ရတနာခုနစ်ပါး စသည်တို့ဖြင့် အဆန်းတကြယ် တန်ဆာဆင်ထားသောမင်းစီးရထားကဲ့သို့ ဝတ်စား တန်ဆာတို့ဖြင့် အဆန်းတကြယ်တန်ဆာဆင်သော (ခန္ဓာကိုယ်တည်းဟူသော) ဤလောကကိုလာ၍ရှုလော့၊ တရားမသိသော လူမိုက်တို့သည် ဤလောက၌ စွဲလန်းနစ်မြုပ်ကုန်၏။ သဘောမှန်ကိုသိသော ပညာရှိတို့သည် ကပ်ငြိစွဲလန်းခြင်း မရှိကုန်။

ရှေးအခါက(ကုသိုလ်ကောင်းမှု၌) မေ့လျော့သော်လည်း နောက်အခါ၌ မမေ့လျော့သော သူသည် တိမ်တိုက်မှ လွတ်ကင်းသောလမင်းကဲ့သို့ ဤလောကကို (မဂ်ဉာဏ်ရောင်ဖြင့်) ထွန်းလင်းစေ၏။

မိမိပြုခဲ့ပြီးသော မကောင်းမှု အကုသိုလ်ကို ကောင်းမှုကုသိုလ်ဖြင့်ဖုံးအုပ်သော (ပယ်သော) သူသည်၊ တိမ်တိုက်မှကင်းသောလမင်းကဲ့သို့ ဤလောကကို (မဂ်ဉာဏ်ရောင်ဖြင့်) ထွန်းလင်းစေ၏။

ဤလောက(ဤလောကီလူအပေါင်း)သည် (ပညာမျက်စိမရှိသဖြင့်)အမိုက်အကန်းဖြစ်၏။ ဤလောက၌ မြင်သောသူ

(အနိစ္စ စသောသဘောကိုရှုမြင်သောသူ) နည်းပါး၏။ ပိုက်ကွန်မှလွတ်ထွက်သောငှက်အနည်းငယ်သာရှိသကဲ့သို့ သူအနည်းငယ်မျှသာ နတ်ရွာနိဗ္ဗာန်သို့ သွား၏။

ဟင်္သာတို့သည် ကောင်းကင်၌ သွားကုန်၏။ ဣဒ္ဓိပါဒ်လေးပါးတို့ကို လေ့လာ ပွားများပြီးသော ပုဂ္ဂိုလ်တို့သည် တန်ခိုးဖြင့်ကောင်းကင်၌သွားကုန်၏။ ပညာရှိတို့သည်စစ်သည်ဗိုလ်ပါနှင့်တကွသော မာရ်နတ်မင်းကိုနိုင်နင်း၍ လောကမှ ထွက်မြောက်ကုန်၏။

သစ္စာတည်းဟူသော အမှန်တရားကိုလွန်ကြူး၍ မဟုတ်မမှန်သောစကားကိုလည်း ဆိုလေ့ရှိ၊ နောင်ဘဝအတွက် ဆင်ခြင်စဉ်းစားခြင်းလည်း အလျင်းမရှိသောသူမှာ မပြုနိုင်မည့် မကောင်းမှုဟူ၍မရှိ(မကောင်းမှုဟူသမျှကိုပြုလုပ်နိုင်မည်သာတည်း။)

စဉ်းလဲဝန်တိုသောသူတို့သည် နတ်ပြည်သို့ မသွားကုန်။ လူမိုက်တို့သည် ပေးကမ်းလှူဒါန်းခြင်းကို မချီးမွမ်းကုန်၊ ပညာရှိတို့ သည်ကား ပေးကမ်း လှူဒါန်းခြင်းကို ဝမ်းမြောက်သာခေါကုန်၏။ ထို့ကြောင့် ပညာရှိသည် ပစ္စုပ္ပန်တမလွန်နှစ်တန်သောဘဝ၌ ချမ်းသာ၏။

မြေတပြင်လုံးကို အစိုးရသော စကြာဝတေးမင်း အဖြစ်ထက်လည်းကောင်း၊ နတ်ပြည်ဗြဟ္မာပြည်သို့သွားရသည်ထက်

လည်းကောင်း။ လောကအားလုံးကို အစိုးရသည်ထက် လည်းကောင်း၊ သောတာပတ္တိဖိုလ်ကိုရခြင်းသည် မြတ်၏။

မြတ်စွာဘုရား၏ကိလေသာရန်အောင်ပွဲကို မည်သူမျှမဖျက်ဆီးနိုင်၊ လောက၌ မည်သူမျှမတုနိုင်။ အပိုင်းအခြားမရှိ အလုံးစုံကိုသိမြင်နိုင်သည့်ဉာဏ်ရှိတော်မူသော၊ တဏှာ စသည့် ခရီးလမ်းကြောင်းကို ပယ်ဖျက်တော်မူပြီးသော ထိုမြတ်စွာဘုရားကို သင်တို့သည်အဘယ်လမ်းခရီးဖြင့် ခေါ်ဆောင်ကုန်လတ္တံ့နည်း။

မြတ်စွာဘုရားမှာတစုံတခုသောလောကသို့ ဆောင်ခြင်းငှာ ပိုက်ကွန်ပမာ မွေးရှက်ရစ်ပတ် ငြိကပ်တတ်သော တဏှာမရှိ၊ အပိုင်းအခြားမရှိ။ အလုံးစုံကို သိမြင်နိုင်သည့် ဉာဏ်ရှိတော်မူသောတဏှာ စသည့် ခရီးလမ်းကြောင်းကို ပယ်ဖျက်တော်မူပြီးသော ထိုမြတ်စွာဘုရားကို သင်တို့သည် အလယ်လမ်းခရီးဖြင့်ခေါ်ဆောင်ကုန်သနည်း။

ဘုရားအစရှိသောပညာရှိတို့သည် ဈာန်တရားကိုလေ့လာပွားများကြ၍ ကိလေသာငြိမ်းရာ နိဗ္ဗာန်အာရုံ၌ မွေ့လျော်ကုန်၏၊ သတိရှိတော်မူကြ၍ သစ္စာလေးပါးတရားကို ကောင်းစွာသိတော်မူကုန်သော ထိုဘုရားအစရှိသည့် သူတော်ကောင်းတို့ကို နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။

လူ၏အဖြစ်ကိုရခဲ၏။ သတ္တဝါတို့၏အသက်ရှည်ရခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်းတရားကို ကြားနာရ၏။ ဘုရားအဖြစ်ကို (ဘုရားဖြစ်ရာကာလကို)ရခဲ၏။

မကောင်းမှုဟူသမျှကိုမပြုရာ၊ ကုသိုလ်ကောင်းမှုဖြင့် ပြည့်စုံစေရာ၏။ မိမိ၏စိတ်ကိုဖြူစင်စေရာ၏၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

သည်းခံခြင်းသည် အလွန်မြင့်သောအကျင့်ဖြစ်၏။ ကိလေသာငြိမ်းရာနိဗ္ဗာန်သည် အလွန်ကောင်းမြတ်၏ဟု ဘုရားရှင်တို့ ဟောတော်မူကုန်၏။ ရဟန်းမည်သည် သူတပါးကို မညှင်းဆဲ၊ သူတပါးကိုညှင်းဆဲသောသူသည် ရဟန်းမဟုတ်။

သူတပါးကို မကဲ့ရဲ့ မစွပ်စွဲအပ်၊မညှင်းဆဲအပ်၊ ပါတိမောက္ခသီလကို၊စောင့်ရှောက်ရာ၏။ အစာ အာဟာရ၌ အတိုင်းအရှည်ကိုသိရာ၏။ ဆိတ်ငြိမ်ရာအရပ်၌ နေရာ၏။ သမာပတ်ရှစ်ပါးတည်းဟူသော အဓိစိတ္တသိက္ခာကို ပွားများ အားထုတ်ရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

အသပြာမိုးရွာသော်လည်း ကာမဂုဏ်တို့၌ တင်းတိမ်ရောင့်ရဲခြင်းမရှိ၊ ကာမဂုဏ်တို့သည် သာယာ အပ်သောသဘောမဟုတ်ကုန်၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်ကုန်၏။

ဤသို့သိ၍ ပညာရှိသည်၊ နတ်၌ဖြစ်သော ကာမဂုဏ်တို့ကိုပင်လည်း နှစ်သက်မွေ့လျော်ခြင်းမရှိ၊မြတ်စွာဘုရား၏တပည့်သည် တဏှာကင်းရာနိဗ္ဗာန်ချမ်းသာ၌ မွေ့လျော်၏။

ဘေးကို ကြောက်ရွံ့ထိတ်လန့်ကုန်သောသူတို့သည် တော၊ တောင်၊ရသေ့ ရဟန်းတို့၏နေရာအရံ၊ အမိကရ ဖြစ်သော

သစ်ပင်တို့ကို(ဘေးမှလွတ်ရန်)များစွာ ဆည်းကပ် ကိုးကွယ်ကုန်၏။

ထိုသို့ပင် ကိုးကွယ်ကြသော်လည်း၊ ဤအလုံးစုံသော ကိုးကွယ်ရာသည် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ မဟုတ်၊ ဤအရာအားလုံးကို ကိုးကွယ်သည်အတွက် မည်သူမျှ အိုခြင်း၊ နာခြင်း၊ သေခြင်းစသော ဆင်းရဲအားလုံးမှ မလွတ်။

သူတော်ကောင်းသည် ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာကိုလည်းကောင်း၊ ဆည်းကပ် ကိုးကွယ်၍၊ မြတ်သောသစ္စာလေးပါးတို့ကိုဉာဏ်ဖြင့် ကောင်းစွာ သိမြင်၏။

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှလွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာနိဗ္ဗာန်သို့ရောက်ကြောင်းအစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော မဂ္ဂသစ္စာ၊ (ဤလေးပါးတည်း)၊

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှလွတ်၏။

ယောကျ်ားအာဇာနည်ကိုရနိုင်ခဲ၏။ ထိုယောကျ်ားအာဇာနည်သည် အရပ်တကာတိုင်း၌မဖြစ်၊ ထိုယောကျ်ားအာဇာနည် ပေါ်ပေါက်သောအမျိုးအနွယ်သည် ကြီးပွားချမ်းသာ၏။

မြတ်စွာဘုရားတို့ဖြစ်ပေါ်တော်မူခြင်းသည် ချမ်းသာ၏။ သူတော်ကောင်းတရားကို ဟောကြားခြင်းသည် ချမ်းသာ၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာ၏။ ညီညွတ်သောသူတို့၏ အကျင့်သည်ချမ်းသာ၏။

သူတော်ကောင်းသည် ပူဇော်ထိုက်ကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို လွန်မြောက်၍ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်းမှ ကင်းကုန်သော ဘုရားတပည့် သားတော်တို့ကိုလည်းကောင်း၊ ရိုသေစွာပူဇော်၏။

ကိလေသာအပူကင်းငြိမ်း၍ ကြောက်လန့်ခြင်း ကင်းသည့် ထိုပူဇော်ထိုက်ကုန်သောဘုရား အစရှိသော သူတော်ကောင်းတို့ကို ရိုသေစွာပူဇော်သောသူ၏ကောင်းမှုသည် ဤမျှဤမျှရှိ၏ဟု မည်သူတဦးတယောက်မျှမရေတွက် မပိုင်းဖြတ်နိုင်။

ရန်ပြုတတ်သောသူတို့၏အလယ်၌ ရန်မပြုပဲ ချမ်းသာစွာ ငါတို့နေကုန်၏။ အမုန်းများ၍ ရန်ပွားတတ်သော သူတို့၏ အလယ်၌မေတ္တာရှေ့ထား ရန်မပွားပဲ ငါတို့နေကုန်၏။

ကိလေသာအနာ နှိပ်စက် ခံရသောသူတို့၏ အလယ်၌ ကိလေသာအနာနှိပ်စက်မခံရပဲ ချမ်းသာစွာ ငါတို့နေကုန်၏။ ကိလေသာအနာရှိသောသူတို့ အလယ်၌ ကိလေသာ အနာကင်းစွာ ငါတို့နေကုန်၏။

ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့၏ အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြမစိုက်ပဲချမ်းသာစွာ ငါတို့နေကုန်၏။

ကာမဂုဏ်အတွက် ကြောင့်ကြရှိကုန်သောသူတို့၏ အလယ်၌ ကာမဂုဏ်အတွက် ကြောင့်ကြကင်းစွာနေကုန်၏။

ငါတို့မှာစိုးရိမ်ကြောင့်ကြစရာ တစုံတခုမျှမရှိ၊ ချမ်းသာစွာ ငါတို့နေကုန်၏။ အာဘဿရဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့သည် နှစ်သက်ဝမ်းမြောက်ခြင်း (ပီတိ) တည်းဟူသော အစာကိုသာ အားထား၍နေကြကုန်သကဲ့သို့၊ ငါတို့သည်ပီတိတည်းဟူသော အစာကို အားထား၍နေကုန်အံ့။

(အတိုက်အခိုက်အတုအပြိုင်ဟူသမျှ၌) အနိုင်ရသောသူမှာ ရန်များ၏။ အရှုံးခံရသောသူသည် ဆင်းရဲငြိုငြင်စွာ နေရ၏။ ကိလေသာငြိမ်းပြီးသောသူသည် အောင်ခြင်းရှုံးခြင်းသဘော နှစ်ပါးကို ပယ်ရှား၍ ချမ်းသာစွာနေရ၏။

ရာဂနှင့် တူသော မီးမရှိ၊ ဒေါသနှင့်တူသော အပြစ် မရှိ၊

ခန္ဓာကိုယ်နှင့်တူသော (ခန္ဓာကိုယ်ကိုရွက်ဆောင်ရခြင်းနှင့် တူသော)ဆင်းရဲမရှိ၊ ကိလေသာငြိမ်းရာ (နိဗ္ဗာန်) ထက်လွန်မြတ်သောချမ်းသာမရှိ။

ငတ်မွတ်ဆာလောင်ခြင်းသည် အကြီးဆုံးရောဂါ ဖြစ်၏။ ခန္ဓာကိုယ်သည်(ခန္ဓာကိုယ်ကို ရွက်ဆောင်ရခြင်းသည်)အကြီးဆုံးဆင်းရဲဖြစ်၏။ ဤသဘောမှန်ကိုသိ၍ နိဗ္ဗာန်သည် အချမ်းသာဆုံးဖြစ်ကြောင်း(သိရာ၏။)

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ် ဖြစ်၏။ တင်းတိမ် ရောင့်ရဲခြင်းသည် အကောင်းဆုံး ဥစ္စာ ဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံး ဆွေမျိုး ဖြစ်၏။ နိဗ္ဗာန်သည်အမြတ်ဆုံးချမ်းသာဖြစ်၏။

ဆိတ်ငြိမ်ရာ၌ ရသော တရားအရသာကို လည်းကောင်း၊ ကိလေသာအပူငြိမ်းရာနိဗ္ဗာန်၏ အရသာကို လည်းကောင်း၊ ခံစားရသောသူသည် တရား၏အစွမ်းကြောင့်ဖြစ်သည့်နှစ်သက်ဝမ်း မြောက် ခြင်း တည်း ဟူသော အရသာကို ခံစားရသည့် အတွက် ရာဂ စသောအပူလည်းကင်း၏။ယုတ်မာသောမကောင်းမှုလည်းကင်း၏။

အရိယာသူတော်ကောင်းတို့ကိုဖူးမြင်ရခြင်းသည်(ကောင်းကျိုးချမ်းသာကို ပေးတတ်သဖြင့်) ကောင်းမြတ်၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့ကိုမတွေ့မြင်ရခြင်းသည် အမြဲ ချမ်းသာ၏။

လူမိုက်နှင့် ပေါင်းဖော်လှည့်လည်သောသူသည် ကာလရှည်စွာစိုးရိမ်ရ၏။ လူမိုက်တို့နှင့် ပေါင်းဖော်ခြင်းသည် ရန်သူနှင့်နေရသကဲ့သို့ အမြဲ ဆင်းရဲရ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းသည် ဆွေမျိုးတို့နှင့် ပေါင်းဖော် နေနိုင်ရသကဲ့သို့ ချမ်းသာ၏။

ထို့ကြောင့်၊တည်လည်းတည်ကြည်၊ပညာလည်းရှိ၊အကြားအမြင်လည်းများ၊ ဦးစီးဝန်ဆောင် ပြုလုပ်၍ နိဗ္ဗာန်ရောက်

ကြောင်းကိုလည်းညွှန်ပြတတ်၊ သီလစုံတင်ဖြူစင်သော အကျင့်လည်းရှိသော ပညာရှိသူတော်သူမြတ်ကို၊ လမင်းသည်နက္ခတ်တာရာတို့သွားရာလမ်းကြောင်းကိုအစဉ်လိုက်သကဲ့သို့၊ သင်တို့သည် အစဉ်လိုက်၍ ဆည်းကပ်ကြကုန်လော့။

အားမထုတ်သင့်ရာ၌ ကိုယ်တိုင်အားထုတ်၍ အားထုတ်သင့်ရာ၌ အားမထုတ်ပဲ၊ မိမိအကျိုးစီးပွားကိုစွန့်လျက်၊ ကာမဂုဏ်ကို မြတ်နိုး စွဲလမ်းကာနေသော သူသည်၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဖြင့် မိမိအကျိုးစီးပွားအားထုတ်သောသူကို ငြူစူ၏ (ထိုသူရသည့် အကျိုးကို တောင့်တ၏)။

ချစ်သောသူတို့နှင့်လည်း ရောထွေးယှက်တင်မပြုရာ၊ မုန်းသော သူတို့နှင့်လည်း ဘယ်အခါမှ ရောထွေးယှက်တင်မပြုရာ။ ချစ်ခင်သောသူတို့ကို မမြင်ရခြင်းသည် ဆင်းရဲ၏။ မုန်းသောသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။

ထို့ကြောင့် (လူကိုဖြစ်စေ၊ ပစ္စည်းဥစ္စာကိုဖြစ်စေ) ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ ချစ်ခြင်း မုန်းခြင်းသည် မကောင်း၊ ချစ်ခြင်း မုန်းခြင်းမရှိသောသူတို့မှာအနှောင်အဖွဲ့မရှိကုန်။

မြတ်နိုးခြင်းကြောင့်စိုးရိမ်ခြင်းဖြစ်ရ၏။ မြတ်နိုးခြင်းကြောင့်ကြောက်ခြင်းဖြစ်ရ၏။ မြတ်နိုးခြင်း ကင်းလွတ်သောသူမှာ စိုးရိမ်ရခြင်းမရှိ၊ ကြောက်ရခြင်းအဘယ်မှာရှိအံ့နည်း။

ချစ်ခြင်းကြောင့် စိုးရိမ်ခြင်း ဖြစ်ရ၏။ ချစ်ခြင်းကြောင့် ကြောက်ခြင်းဖြစ်ရ၏။ ချစ်ခြင်းကင်းလွတ်သောသူမှာ စိုးရိမ်ရခြင်းမရှိ၊ ကြောက်ရခြင်းအဘယ်မှာရှိအံ့နည်း။

ပျော်ပါးမွေ့လျော်ခြင်းကြောင့်စိုးရိမ်ရခြင်းဖြစ်ရ၏၊ ပျော်ပါး မွေ့လျော်ခြင်းကြောင့် ကြောက်ခြင်းဖြစ်ရ၏။ ပျော်ပါးမွေ့လျော်ခြင်းကင်းလွတ်သောသူမှာ စိုးရိမ်ခြင်းမရှိ၊ ကြောက်ရခြင်းအဘယ်မှာရှိအံ့နည်း၊

ကာမဂုဏ်ကြောင့် စိုးရိမ်ခြင်းဖြစ်ရ၏။ ကာမဂုဏ်ကြောင့် ကြောက်ခြင်းဖြစ်ရ၏။ ကာမဂုဏ်မှ ကင်းလွတ်သောသူမှာ စိုးရိမ်ရခြင်းမရှိ၊ ကြောက်ရခြင်းအဘယ်မှာရှိအံ့နည်း။

တပ်မက်မောခြင်းကြောင့်စိုးရိမ်ခြင်းဖြစ်ရ၏။ တပ်မက်မောခြင်းကြောင့် ကြောက်ခြင်းဖြစ်ရ၏။ တပ်မက်မောခြင်းမှ ကင်းလွတ်သောသူမှာ စိုးရိမ်ရခြင်းမရှိ၊ ကြောက်ရခြင်းအဘယ်မှာရှိအံ့နည်း။

သီလနှင့်လည်း ပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရားး၌ တည်၍ အမှန်ကိုလည်းပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

နိဗ္ဗာန်ကို ဘော့လား၍ (အားထုတ်သဖြင့်) မဂ်ဖိုလ်ကိုရသော၊ ကာမဂုဏ်၌ ကပ်ငြိသည့်စိတ် မရှိသောသူကို ရေညာသို့ ဆန်

တက်သောသူ (အထက်အကနိဋ္ဌပြဟ္မာဘုံသို့ သွားမည့်သူ) ဟု ခေါ်၏။

ကာလကြာမြင့်စွာကွဲကွာ၍ ရပ်ဝေးမှ ချမ်းသာစွာပြန်လာသောသူကို ဆွေမျိုး၊ မိတ်ဆွေ၊ ချစ်ကျွမ်းဝင်သောသူတို့သည် အလွန်နှစ်သက်ဝမ်းမြောက်ကုန်သကဲ့သို့။

ထို့နည်းအတူ၊ ပြုပြီးသောကောင်းမှုရှိသော သူကိုလည်း၊ ဤဘဝမှတမလွန်ဘဝသို့သွားသည်ရှိသော်၊ သူ၏ကောင်းမှုတို့သည်၊ ချစ်လှစွာသောဆွေမျိုး ရောက်လာသကဲ့သို့၊ ကြိုဆိုချီးမြှောက်ကုန်၏။

အမျက်ဒေါသကိုစွန့်ရာ၏။ မာနကိုပယ်ရာ၏။ သံယောဇဉ်အနှောင်အဖွဲ့အားလုံးကို လွန်မြောက်ရာ၏။ နာမ်ရုပ်၌ ငါ၏စိတ်၊ ငါ၏ကိုယ် ဟူ၍ မငြိတွယ် မကြောင့်ကြသောသူ ထံသို့ ဆင်းရဲဒုက္ခတို့သည် မလာကုန်။

လိမ္မာသောရထားထိန်းသည် လျင်မြန်စွာသွားသောရထားကို လမ်းမလွဲအောင်ကောင်းစွာစောင့်ရှောက်သကဲ့သို့၊ မိမိ၌ဖြစ်ပေါ်လာသော အမျက်ဒေါသကို တားဆီးနိုင်သောသူကို လိမ္မာသောရထားထိန်းဟု ငါဘုရားခေါ်တော်မူ၏။ မတားဆီးနိုင်သောသူတို့သည် ကြိုးကိုင်သာဖြစ်ကုန်၏။

အမျက် ထွက်တက်သော သူကို အမျက် မထွက်ခြင်း ဖြင့် (မေတ္တာဖြင့်) အောင်ရာ၏။ မကောင်းသောသူကို ကောင်း

-သောသဘောဖြင့် အောင်ရာ၏။ နှစ်ခြမ်းဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့်အောင်ရာ၏။ မဟုတ်မမှန်ပြောဆိုဘတ်သော သူကို မှန်ကန်သောစကားကိုပြောဆိုခြင်းဖြင့် အောင်ရာ၏၊

မှန်သောစကားကိုပြောဆိုရာ၏။အမျက်မထွက်ရာ၊ သူတပါး တို့ တောင်းသည်ရှိသော် ပစ္စည်းဝတ္ထု အနည်းငယ်မျှကိုသော် လည်း ပေးလှူရာ၏။ ဤသုံးပါးသော အကြောင်းတို့ဖြင့် နတ် ပြည်သို့ သွားရာ၏။

သူတပါးတို့ကို ညှင်းဆဲခြင်းမရှိ၊ ကိုယ်ကိုအမြဲစောင့်ရှောက် ကုန်သော သူတော်ကောင်းတို့သည် စိုးရိမ်ခြင်းကင်းရာ၊ သေ ခြင်းကင်းရာ ဖြစ်သောနိဗ္ဗာန်သို့ရောက်ကုန်၏။

အမြဲနိုးကြား ထကြွ ရှိကုန်လျက်၊ နေ့ညဉ့်မပြတ် သူတော် ကောင်းအကျင့်ကိုကျင့်ကုန်သော၊ နိဗ္ဗာန်သို့စိတ်ညွတ်ကုန်သော ပုဂ္ဂိုလ်တို့မှာ ကာမ စသော အာသဝေါတို့သည် ကုန်ခန်း ကုန်၏။

အို အတုလ၊ ဤကဲ့ရဲ့ခြင်းသဘောသည် ရှေးအခါမှစ၍ ဖြစ်လာသော ဓလေ့တည်း၊ ယခုမှဖြစ်သောအလေ့မဟုတ်။ စကားမပြော ဆိတ်ဆိတ်နေသော သူကိုလည်း ကဲ့ရဲ့ကုန်၏။ စကားများများပြောသော သူကိုလည်း ကဲ့ရဲ့ကုန်၏။ စကား နည်းနည်းပြောသောသူကိုလည်းကဲ့ရဲ့ကုန်၏။ လောက၌ အကဲ့ ရဲ့လွတ်သောသူမရှိ။

လုံးလုံးအကဲ့ရဲ့ခံရသောသူ၊ လုံးလုံးအချီးမွမ်းခံရသောသူ ဟူ၍ ရှေးအခါ၌ မရှိခဲ့ဖူး၊ နောင်အခါ၌လည်း ရှိလိမ့်မည် မဟုတ်၊ ယခုအခါ၌လည်းမရှိ။

ကောင်းသောအသက်မွေးခြင်းရှိ၍ ပညာနှင့်လည်းပြည့်စုံ၊ သီလနှင့်လည်းပြည့်စုံသောသူကို၊ ပညာရှိတို့သည် ဟုတ်တိုင်း မှန်ရာသိ၍ နေ့တိုင်းနေ့တိုင်း(ထပ်ခါထပ်ခါ) ချီးမွမ်းကြလျှင်၊

အကောင်းဆုံးဇမ္ဗူရာစ်ရွှေပြားနှင့်တူသောထိုသူကို အဘယ်သူကဲ့ရဲ့နိုင်မည်နည်း။ ထိုသူကိုနတ်တို့သည်လည်းချီးမွမ်းကုန်၏။ ဗြဟ္မာတို့သည်လည်း ချီးမွမ်းကုန်၏။

ကိုယ်နှင့်ဆိုင်ရာမကောင်းမှု(၃)မျိုးကို စောင့်ရှောက်ရာ၏။ ကိုယ်ဖြင့်မကောင်းမှုမှစောင့်ရှောက်ရာ၏။ ကိုယ်ဖြင့် မကောင်းသောအကျင့်ကို ပယ်၍၊ ကိုယ်ဖြင့်ပင် ကောင်းသောအကျင့်ကို ကျင့်ရာ၏။

နှုတ်နှင့်ဆိုင်ရာမကောင်းမှု(၄မျိုး)ကို စောင့်ရှောက်ရာ၏။ နှုတ်ဖြင့် မကောင်းမှုမှစောင့်ရှောက်ရာ၏။ နှုတ်ဖြင့် မကောင်းသောအကျင့်ကို ပယ်၍၊ နှုတ်ဖြင့်ပင် ကောင်းသောအကျင့်ကို ကျင့်ရာ၏။

စိတ်နှင့်ဆိုင်ရာမကောင်းမှု(၃မျိုး)ကိုစောင့်ရှောက်ရာ။ စိတ်ဖြင့် မကောင်းမှုမှ စောင့်ရှောက်ရာ။ စိတ်ဖြင့် မကောင်းသောအကျင့်ကိုပယ်၍ စိတ်ဖြင့်ပင် ကောင်းသောအကျင့်ကိုကျင့်ရာ၏။

ပညာရှိတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ မကောင်းမှုမှစောင့်ရှောက်ကုန်၏။ ထို ကိုယ်—နှုတ်—စိတ် သုံးပါးတို့ဖြင့် မကောင်းမှုမှစောင့်ရှောက်သောပညာရှိတို့သည်သာလျှင် ကောင်းစွာစောင့်ရှောက်သောသူတို့မည်ကုန်၏။

(အိုဒကာ)သင်သည် ယခုအခါ ဖျော့တော့သောဖက်ရွက်လျော်နှင့်တူ၏။ သေမင်းတမန်တို့သည်လည်း သင်၏ အနီး၌စောင့်နေကုန်၏။ သင်သည် ဘဝအဆုံးသို့ရောက်ချေပြီ၊ သင့်မှာ (ဘဝတပါးသို့သွားရန် ကောင်းမှုတည်းဟူသော) ရိက္ခာလည်း မရှိ။

ထို့ကြောင့် သင်သည် မိမိ၏မှီခိုရာကျွန်းနှင့်တူသောကောင်းမှုကိုပြုလော၊ လျင်မြန်စွာအားထုတ်၍ ပညာရှိဖြစ်လော၊ ရာဂစသော အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာကင်းလျှင် သင်သည် အရိယာတို့၏ နေရာဖြစ်သော သုဒ္ဓါဝါသ ဘုံသို့ ရောက်လတ္တံ့ ။

(အိုဒကာ) သင်သည် ယခုအခါ အရွယ်လွန်ချေပြီ၊ သေမင်းထံသွားရန် စီမံပြီးပြီ၊ သင့်မှာ လမ်းခရီးအကြား၌နားနေရန် အခွင့်မရှိ၊ သင့်မှာ(ဘဝတပါးသို့သွားရန်ကောင်းမှုတည်းဟူသော) ရိက္ခာလည်းမရှိ။

ထို့ကြောင့်သင်သည်မိမိ၏ မှီခိုရာကျွန်းနှင့်တူသောကောင်းမှုကိုပြုလော့၊ လျင်မြန်စွာအားထုတ်၍ ပညာရှိ ဖြစ်လော၊

ရာဂ စသောအညစ်အကြေးကိုထုတ်ပယ်၍ ကိလေသာ ကင်းလျှင်သင်သည် တဖန်ပဋိသန္ဓေနေရခြင်း၊ အိုရခြင်းသို့ မရောက်လတ္တံ့။

ပန်းတိမ်သည်ငွေမှအညစ်အကြေးကို တဖြည်းဖြည်း ထုတ်သကဲ့သို့၊ပညာရှိသည်အခွင့်ရတိုင်းရတိုင်း၊ အနည်းငယ်အနည်းငယ်သော မိမိ၏ ရာဂ စသောအညစ်အကြေးကို အစဉ်သဖြင့် ထုတ်ပယ်ရာ၏။

သံချေးသည် သံမှပင်လျှင်ဖြစ်လာ၍ သံချေးတက်ပြီးလျှင် ထိုသံကိုပင်ပြန်၍စားသကဲ့သို့၊ မိမိ၏မကောင်းမှုတို့သည်ပင်လျှင် မကောင်းမှု ကြူးလွန်သောသူကို မကောင်းသော ဘဝသို့ ဆောင်ကုန်၏။

ဂါထာမန္တန်သည် မရွတ်ဖတ်လျှင် ညစ်ကြေး ပျက်စီး၏။ အသုတ်အသင်မရှိ ပျင်းရိခြင်းသည် လှပသော အဆင်း၏ ညစ်ကြေးပျက်စီး၏။ အိမ်အဆောက်အအုံတို့သည် မပြုပြင်လျှင် ညစ်ကြေးပျက်စီးကုန်၏။ အသုတ်အသင်မရှိ ပျင်းရိခြင်းသည် လှပသောအဆင်း၏ ညစ်ကြေး ပျက်စီးကြောင်းတည်း။ မေ့လျော့ခြင်းသည် အစောင့်အရှောက် ဖြစ်သောသူ၏အညစ်အကြေးတည်း။

လင်ကိုလွန်ကြူး၍ မကောင်း ကျင့်ခြင်းသည် မိန်းမ၏ အညစ်အကြေးဖြစ်၏။ ဝန်တိုခြင်းသည် ပေးကမ်းလှူဒါန်း

သောသူ၏ အညစ်အကြေးဖြစ်၏။ ယုတ်မာသော အကုသိုလ် တရားတို့သည် ဤဘဝ၌လည်းကောင်း၊ နောက်ဘဝ၌ လည်း ကောင်း၊ စင်စစ်အညစ်အကြေးတို့ဖြစ်ကုန်၏။

ဤအညစ်အကြေး အားလုံးတို့ထက် အဆိုးဆုံး အညစ် အကြေးသည်ကား တရားမှန်ကိုမသိခြင်းတည်းဟူသောအဝိဇ္ဇာ အညစ်အကြေးတည်း၊(အိုရဟန်းတို့)သင်တို့သည် ဤအဝိဇ္ဇာ တည်းဟူသော အညစ်အကြေးကိုပယ်စွန့်၍ အညစ် အကြေး ကင်းကြကုန်လော့။

ကျီးရဲနှင့်တူစွာ အရှက်မရှိ၊ သူတပါး၏ ဂုဏ်ကိုလည်း ဖျက်ဆီး၊ သူတပါးပြုသောအမှုကို မိမိပြုရောင်လည်းဆောင်၊ ကြမ်းတမ်းသောသဘောလည်းရှိ၍၊ ယုတ်မာညစ်ကြေးသော အမှုဖြင့်အသက်မွေးသောသူမှာ အသက်မွေးနေထိုင်ရန် လွယ် ကူ၏။

အရှက်လည်းရှိ၊ အမြဲစင်ကြယ်သောသဘောကိုသာ ရှာကြံ လေ့လည်းရှိ၊ တွန့်တိုခြင်းသဘော-ကြမ်းတမ်းသော သဘော လည်းမရှိ၊ စင်ကြယ်သောအမှုဖြင့် အသက်မွေး၍ သင့်မသင့်ကို ရှုမြင်တတ်သောသူမှာ အသက်မွေးနေထိုင်ရန်ခဲယဉ်း၏။

ဤလောက၌ တစုံတယောက်သောသူသည် သူတပါး၏ အသက်ကိုသတ်၏။ မဟုတ်မမှန်သောစကားကို ပြောဆို၏။

ပိုင်ရှင်မပေးသော သူတပါး၏ ဥစ္စာကို ခိုးယူ၏။ သူတပါး၏ မယားကိုပြစ်မှားလွန်ကြူး၏။

သေရည်အရက်ကိုလည်း သောက်လေ့ရှိ၏။ ထိုသူသည် ယခုဘဝ၌ပင်လျှင် မိမိ၏ပင်ရင်းအခြေအမြစ်ကို တူးဖြိုဖျက်ဆီး သည်မည်၏။

အိုယောကျ်ား၊ ဤသို့သိလော့၊ မစောင့်စည်းသောအကုသိုလ်တရားတို့သည်ယုတ်မာသောသဘောရှိကုန်၏။ လောဘဒေါသ တို့သည် သင့်ကို ကြာမြင့်စွာ ဆင်းရဲစေခြင်းငှာ မနှောင်ဖွဲ့စေ ကုန်လင့်။

လူတို့သည် (မိမိတို့အယုံအကြည်ရှိသောပုဂ္ဂိုလ်၊ ကြည်ညို သောပုဂ္ဂိုလ်တို့အား)ယုံကြည်သည့်အလျောက်၊ ကြည်ညိုသည့် အလျောက် (စားဖွယ် သောက်ဖွယ် တို့ကို) ပေးလှူကုန်၏။ ထိုသူတပါးတို့စားဖွယ်သောက်ဖွယ်ပေးလှူရာ၌ မျက်နှာမသာ မနာလိုသောသူသည်၊ နေ့အခါ၌လည်းကောင်း၊ ညအခါ၌ လည်းကောင်း၊ စိတ်၏တည်ကြည်ခြင်းကိုမရလေ။

ဤမျက်နှာမသာ မနာလိုသော သဘောကို ကောင်းစွာ အကြွင်းမရှိ၊ အချင်းအမြစ်နှင့်တကွ နုတ်ပယ်ပြီးသော သူသည် နေ့အခါ၌လည်းကောင်း၊ စိတ်၏တည်ကြည်ခြင်းကို ရလေ၏။

(ကိုယ်တွင်း၌ပူလောင်တတ်သဖြင့်)ရာဂနှင့်တူသောမီးမရှိ၊ (ကိုယ်တွင်း၌နေ၍ ဖမ်းယူတတ်သဖြင့်) ဒေါသနှင့် တူသော ဖမ်းယူခြင်းမရှိ၊ (အမှားအမှန်မသိအောင်ဖုံးလွှမ်းတတ်သဖြင့်) မောဟနှင့်တူသောပိုက်ကွန်မရှိ၊(အမြဲလိုလျက်သာရှိ၍ ပြည့်နိုင်ခဲသဖြင့်)တဏှာနှင့်တူသောမြစ်မရှိ။

သူတပါးတို့၏အပြစ်ကိုမြင်လွယ်၏။ မိမိ၏အပြစ်ကို မြင်နိုင်ခဲ၏။ သူတပါးတို့၏အပြစ်တို့ကို ဖွဲလွှင့်သကဲ့သို့ လွှင့်တတ်၏။ မိမိ၏အပြစ်ကိုကား(စဥ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ငှက်တို့မမြင်အောင် မိမိကိုယ်ကို သစ်ရွက် သစ်ခက် တို့ဖြင့် ဖုံးသကဲ့သို့)ဖုံးတတ်၏။

သူတပါး၏အပြစ်ကိုအစဥ်ရှု၍ အမြဲ သူတပါးကို ကဲ့ရဲ့တတ်သောသူမှာ ကာမ စသော အာသဝေါ တရားတို့သည် တိုးပွားကုန်၏။ ထိုသူသည် အာသဝေါကုန်ခန်းသည့်ရဟန္တာ အဖြစ်မှ ဝေးလေ၏။

ကောင်းကင်၌ခြေရာမရှိ၊ ဘုရားသာသနာတော်၏ အပြင်ပ၌ (မဂ်ဖိုလ်ရသော)ရဟန်းမရှိ၊ သတ္တဝါတို့သည် တဏှာ စသော သံသရာချဲ့ထွင်ကြောင်းတရားတို့၌ မွေ့လျော်ကုန်၏။ မြတ်စွာဘုရားတို့မှာ တဏှာ စသောသံသရာ ချဲ့ထွင်ကြောင်း တရားမရှိကုန်။

ကောင်းကင်၌ ခြေရာမရှိ၊ ဘုရားသာသနာတော်၏ အပြင်ပ၌ (မဂ်ဖိုလ်ရသော ရဟန်းမရှိ၊ ခန္ဓာငါးပါးတို့သည် (လောက၌ ရှိရှိသမျှအရာဝတ္ထုအားလုံးသော တရားတို့သည်)အမြဲမရှိကုန်။ ဘုရားရှင်တို့မှာ ပပဉ္စသည်တို့ကြောင့်တုန်လှုပ်ခြင်းမရှိ။

* * * *

## ၁၉။ တရားရှိခြင်း

ဆုံးဖြတ်ရန်အမှုကို မျက်နှာလိုက်၍ မဟုတ်မမှန် ဆုံးဖြတ်သောသူသည်တရားရှိသော တရားသူကြီးမဟုတ်၊ ပညာရှိသည့်အကြောင်းဟုတ်မဟုတ်နှစ်ပါးစုံကိုစုံစမ်းစစ်ဆေးရာ၏။

ဤသို့စုံစမ်းစစ်ဆေးပြီးလျှင်၊ မျက်နှာမလိုက်ပဲ၊ တရားကိုစောင့်လျက် တရားလမ်းမှန်အတိုင်း တရားလို တရားခံတို့ကိုအရှုံးအနိုင်ဆုံးဖြတ်သောပညာရှိကို တရားရှိသော တရားသူကြီးဟုခေါ်၏။

များစွာစကားပြောကာမျှဖြင့် ပညာရှိမဖြစ်၊သည်းလည်းခံတတ်၊မုန်းသောရန်သူဟူ၍လည်းမထား၊ အကြောက်လည်းမရှိသောသူကိုပညာရှိဟုခေါ်၏။

များစွာပြောဟောကာမျှဖြင့် တရားဆောင်သော ပုဂ္ဂိုလ်မဖြစ်၊ အနည်းငယ်မျှပင်ကြားနာရ၍၊ ကိုယ်တိုင် ဒုက္ခစသောတရားမှန်ကိုသိ၍၊ ထိုတရားကိုမမေ့သော သူသည်သာလျှင်တရားဆောင်ပုဂ္ဂိုလ်အစစ်ဖြစ်၏။

(အရွယ်ကြီး၍)ခေါင်းဖြူကာမျှဖြင့် မထေရ်မဖြစ်၊ (ခိုင်မြဲသောတရားမရှိပဲ)အရွယ်သာ ကြီးသောသူကို အချည်း အနှီးသူအိုဟုခေါ်၏။

သစ္စာလည်းရှိ၊ လောကုတ္တရာတရားလည်းရှိ၊ သူတပါးကိုနှိပ်စက်ညှင်းဆဲခြင်းမရှိ၊ သီလကိုလည်းစောင့်၊ မျက်စိ စသောဣန္ဒြေကိုလည်းစောင့်ရှောက်လျက်၊ ကိလေသာအညစ်အကြေးကိုပယ်၍ ခိုင်မြဲသည့်ပညာရှိသောပုဂ္ဂိုလ်ကိုသာလျှင် စင်စစ်မထေရ်ဟုခေါ်၏။

သာယာသောစကားကို ပြောဆိုတတ်သော်လည်း၊ ရုပ်အဆင်းပင်လှသော်လည်း၊ သူတပါး စည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ကောက်ကျစ်စဉ်းလဲတတ်လျှင်၊ထိုသူသည်သူတော်ကောင်းမဟုတ်။

ဤငြူစူခြင်း စသောအကုသိုလ်ကို ကောင်းစွာ ပယ်ရှား၊ အမြစ်နှင့်တကွပယ်နုတ်ဖျက်ဆီး၍ ဒေါသကင်းသောပညာရှိကိုသူတော်ကောင်းဟုခေါ်၏။

ဦးပြည်းကတုံးရိပ်ကာမျှဖြင့် ရဟန်းမဖြစ်။ သီလအကျင့် မူတင်အကျင့်လည်းမရှိ၊မဟုတ်မမှန်သောစကားကိုလည်းပြော ဆိုတတ်၊ လိုချင်ခြင်း မက်မောခြင်းလည်း ရှိသောသူသည် အဘယ်မှာရဟန်းဖြစ်နိုင်အံ့နည်း။

ငယ်ငယ်ကြီးကြီး ဖြစ်ကုန်သော မကောင်းမှုတို့ကို အလုံးစုံ ငြိမ်းစေပြီးသောသူကိုမကောင်းမှုအားလုံးမှ ငြိမ်းပြီးဖြစ်သော ကြောင့်(သမဏ)ရဟန်းဟုခေါ်၏။

သူတပါးထံတောင်းကာမျှဖြင့် ရဟန်းအဖြစ်၊ တရားနှင့် မလျော်သော အကျင့်ကို ကျင့်ခြင်းအားဖြင့် ရဟန်းမဖြစ်။

ဤလောက၌ ကောင်းမှု မကောင်းမှုကိုပယ်၍ မြတ်သော အကျင့်ကို ကျင့်ပြီးလျှင်၊ ခန္ဓာ စသော လောကီတရားအစု၌ ပညာဖြင့်ဆင်ခြင်၍နေထိုင်သောပုဂ္ဂိုလ်ကိုသာ စင်စစ်(ဘိက္ခု) ရဟန်းဟု ခေါ်၏။

တွေဝေမိန်းမောလျက် အသိပညာမရှိသောသူသည် ဆိတ် ဆိတ်နေကာမျှဖြင့် ရဟန်းမဖြစ်၊ ပညာရှိသည် ချိန်ခွင်ကိုကိုင်၍ ချိန်စက်သကဲ့သို့(ကောင်းမကောင်းချိန်စက်ကာ)သီလ၊သမာဓိ၊ ပညာတည်းဟူသော အကောင်းအမြတ်ကိုယူ၍။

ယုတ်မာသောမကောင်းမှုတို့ကိုရှောင်ကြဉ်၏၊ထိုအကောင်း ကိုယူ၍ မကောင်းကိုပယ်သောပညာရှိပုဂ္ဂိုလ်သည်(မုနိ)ရဟန်း

ခည်၏။ လောကဥ်ကောင်းမကောင်းနှစ်မျိုးတို့ကိုနှိုင်းချိန်တတ်၊ သိတတ်သောပုဂ္ဂိုလ်ကို(မုနိ)ရဟန်းဟုခေါ်၏။

သတ္တဝါတို့ကို ညှင်းဆဲ နှိပ်စက်သဖြင့် မြတ်သောသူမဖြစ်၊ သတ္တဝါအားလုံးတို့ကို မညှင်းဆဲမနှိပ်စက် (မေတ္တာပွား)သော သူကို(အရိယာ)မြတ်သောပုဂ္ဂိုလ်ဟုခေါ်၏။

သီလအကျင့်ရှိရာမျှဖြင့်လည်းကောင်း၊ အကြားအမြင်များ ကာမျှဖြင့်လည်းကောင်း၊ သမာဓိရကာမျှဖြင့်လည်းကောင်း၊ ဆိတ်ငြိမ်ရာအရပ်၌ နေကာမျှဖြင့် လည်းကောင်း။

ပုထုဇ္ဇဉ်လူသာမန်တို့ မရအပ်သော အနာဂါမိဖိုလ်ချမ်းသာ ကို ရပေပြီဟု သဘောထားကာမျှဖြင့် လည်းကောင်း၊ (အို ရဟန်း) သင်သည် အာသဝေါကုန်ခန်းသည့် ရဟန္တာအဖြစ်သို့ မရောက်ပဲ ဝဋ္ဋဆင်းရဲ၌ ကျွမ်းဝင်ရောင့်ရဲကာမနေလင့်။

လမ်းအားလုံးတို့တွင် အင်္ဂါရှစ်ပါးရှိသော လမ်းသည် အမြတ်ဆုံးဖြစ်၏။ သစ္စာအားလုံး တို့တွင် သစ္စာလေးပါးတို့ သည် အမြတ်ဆုံးဖြစ်ကုန်၏။ သဘောတရားအားလုံးတို့တွင် ရာဂကင်းသောသဘောတရား(နိဗ္ဗာန်)သည် အမြတ်ဆုံးဖြစ်၏။ ခြေနှစ်ချောင်းရှိကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့ တွင် ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အမြတ် ဆုံး ဖြစ်၏။

ဉာဏ်အမြင် စင်ကြယ်ရန်အတွက် ဤအင်္ဂါရှစ်ပါးရှိသော လမ်းသည်သာလျှင် လမ်းမှန်ဖြစ်၏။ တခြားလမ်းမရှိ၊ သင်တို့

သည် ဤလမ်းမှန်ကိုသာ လိုက်ကြကုန်လော၊ ဤလမ်းသည် မာရ်မင်းတွေဝေရာလမ်း(မာရ်မင်းမမြင်နိုင်သောလမ်း)ဖြစ်၏။

သင်တို့သည် ဤလမ်းကို လိုက်ကြလျှင် ဆင်းရဲအဆုံးသို့ ရောက်ကြကုန်လတ္တံ့။ ရာဂ စသော ဆူးငြောင့်တို့မှကင်းသော လမ်းမှန်ကို ကိုယ်တိုင်သိ၍ ဤလမ်းမှန်ကိုသင်တို့အား ငါညွှန် ကြား၏။

သင်တို့ကိုယ်တိုင်အားထုတ်ကြကုန်လော၊ ဘုရားရှင်တို့သည် လမ်းကို ညွှန်ပြတတ်ကုန်၏။ ပြသည့်အတိုင်း လိုက်နာကျင့်ကြံ ကြ၍ ဈာန်သမာပတ်ရသော သူတို့သည် ဝဋ်ဆင်းရဲ တည်းဟူ သော မာရ်မင်း၏အနှောင်အဖွဲ့မှ လွတ်ကုန်၏။

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံ သော ရုပ်နာမ်တို့သည် (လောကဥ္စရှိရှိသမျှအားလုံးတို့သည်) အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ၊ သံသရာဝဋ် ဆင်းရဲ၌ငြီးငွေ့၏။ ဤသို့ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ် သော နိဗ္ဗာန်သို့သွားရာလမ်း ဖြစ်၏။

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံ သောရုပ်နာမ်တို့သည် ဆင်းရဲကုန်၏ဟုပညာဖြင့် အမှန်သိမြင် သောအခါ၊ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်း ဖြစ်၏။

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည် အစိုးမရ၊ အလိုသို့မလိုက်၊ အချည်းနှီးဖြင်ကုန်၏။ (အနှစ်မရှိကုန်)ဟု ပညာဖြင့် အမှန်သိမြင်သောအခါ၊ သံသရာဝဋ်ဆင်းရဲ၌ငြီးငွေ့၏။ ဤသို့ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့သွားရာလမ်းဖြစ်၏။

အရွယ်ငယ်၍အားရှိသော်လည်း ထကြွလုံ့လပြုသင့်သော အခါ၌ ထကြွလုံ့လမပြုပဲ ပျင်းရိထိုင်းမှိုင်းပြီးလျှင် အကြံများ၏။ ထိုလုံ့လမရှိ ပျင်းရိသောသူသည် ပညာဖြင့် မြင်အပ်သော အရိယာမဂ်ကိုမရလေ။

(ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်ခြင်းအားဖြင့်) နှုတ်ကို အစဉ်စောင့်ရှောက်ရာ၏။ (မနောကံသုံးပါးကို ရှောင်ကြဉ်ခြင်းအားဖြင့်) စိတ်ကို ကောင်းစွာစောင့်ရှောက်ရာ၏။ ကိုယ်ဖြင့်မကောင်းမှုကိုမပြုရာ၊ (ကာယကံသုံးပါးကို ရှောင်ကြဉ်ရာ၏။) ဤသုံးပါးသောအကျင့်တို့ကို စင်ကြယ်စေ၍ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ဟောကြားအပ်သော မဂ်တရားကိုရအောင်အားထုတ်ရာ၏။

ကမ္မဋ္ဌာန်း စီးဖြန်းခြင်းကြောင့် ပညာပွား၏။ ကမ္မဋ္ဌာန်း မစီးဖြန်းခြင်းကြောင့် ပညာဆုတ်ယုတ်၏။ ဤပညာပွားခြင်း၊ ပညာဆုတ်ယုတ်ခြင်း အကြောင်းနှစ်ပါးကိုသိ၍ မိမိကိုယ်ကို ပညာပွားအောင်စီမံအားထုတ်ရာ၏။

(အို ရဟန်းတို့)သင်တို့သည် (တဏှာတည်းဟူသော)တောကို ခုတ်ဖြတ်ကြကုန်လော့။ သစ်ပင်ကို မခုတ်ဖြတ်ကြကုန်လင့်၊ (တဏှာ တည်းဟူသော) တောကြောင့် အိုခြင်း၊ သေခြင်း အစရှိသော ဘေးသည်ဖြစ်၏။ (တဏှာတည်းဟူသော) တောကြီး တောငယ်ကိုခုတ်ဖြတ်၍ (တဏှာတည်းဟူသော) တောမှ ထွက်ကြကုန်လော့။

မိန်းမတို့ကိုစွဲလမ်းကပ်ငြိသောယောကျ်ား၏ အနည်းငယ်မျှပင်ဖြစ်သော တဏှာကို မဖြတ်သေးသမျှကာလပတ်လုံး၊ နို့စို့နွားငယ်သည် အမိကို ကပ်နေသကဲ့သို့၊ ထိုယောကျ်ားသည် သံသရာ၌ကပ်ငြိသောစိတ် ရှိသည်သာလျှင်ဖြစ်၏။

တန်ဆောင်မုန်းရာသီ၌ပွင့်သောကြာပန်းကို လက်ဖြင့် ဖြတ်သကဲ့သို့၊ မိမိ၏ချစ်ခြင်းတဏှာကိုဖြတ်ခလော့။ မြတ်စွာဘုရားသည် တဏှာကင်းရာနိဗ္ဗာန်ကို ညွှန်ကြား ဟောပြတော်မူ၏။ ထို နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂင်တရားကိုသာလျှင် ပွားများလော့။

ဤအရပ်၌ မိုးအခါ၌နေမည်၊ ဤအရပ်၌ ဆောင်းအခါ၊ နွေအခါ၌နေမည်ဟု လူမိုက်သည် အထူးထူး အထွေထွေ ကြံစည်၏။ (ဘယ်အခါဘယ်အရပ်မှာ သေလိမ့်မည်ဟု) မိမိ၏ အသက်အန္တရာယ်ကိုကား မသိရှာလေ။

သားသမီး ကျွဲနွား စသောစည်းစိမ်ဥစ္စာတို့ဖြင့် ယစ်မူးမေ့လျော့လျက်ကပ်ငြိတွယ်ထားသည့် စိတ်ရှိသောသူကို၊ ကြီးစွာ

သောရေအဟုန်သည် အိပ်ပျော်နေသော တရွာလုံးကို လွှမ်းမိုး တိုက်ယူသွားသကဲ့သို့၊ သေမင်းသည် ယူ၍သွားလေ၏။

သေမင်းအနှိပ်စက်ခံရသောသူမှာ မသေအောင် ကာကွယ် စောင့်ရှောက်ရန် သားသမီးလည်းမရှိ၊ အမိအဘလည်း မရှိ၊ အဆွေခင်ပွန်းလည်းမရှိ။ ဆွေမျိုးတို့တွင်လည်း အကာအကွယ် အစောင့်အရှောက်မရှိ။

ပညာရှိသည် ဤအကြောင်းကိုသိ၍ သီလကို ကောင်းစွာ စောင့်လျက် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သောလမ်းကို လျင်မြန်စွာသုတ်သင်ရာ၏။

အနည်းငယ်မျှသောချမ်းသာကိုစွန့်ခြင်းကြောင့် ကြီးကျယ်သောချမ်းသာကို အကယ်၍မြင်ခဲ့လျှင်၊ ပညာရှိသည် ထိုကြီးကျယ်သောချမ်းသာကိုမြင်လျက် အနည်းငယ်မျှသော ချမ်းသာကို စွန့်ရာ၏။

သူတပါးကိုဆင်းရဲပေး၍ မိမိချမ်းသာခြင်းကို အလိုရှိသောသူသည်(သူတပါးရန်မူခံရခြင်း၊ မိမိကပြန်၍ ရန်မူခြင်းစသည်ဖြင့်)အပြန်အလှန်ရန်ချင်းရောနှောသည်ဖြစ်၍ ရန်မှမလွတ်နိုင်။

ပြုသင့်ပြုထိုက်သောအမှုကိုမပြုပဲ ပြစ်ထားကာ၊ မပြုသင့်မပြုထိုက်သောအမှုကို ပြုလျက်၊ မာန ထောင်လွှားပြီးလျှင် ကုသိုလ်ကောင်းမှု၌ မေ့လျော့ကုန်သော သူတို့မှာ ကာမစသော အာသဝေါတရားတို့သည်တိုးပွားကုန်၏။

အမြဲခန္ဓာကိုယ်ကို ရှုဆင်ခြင်သော ကမ္မဋ္ဌာန်း အလုပ်ကို ကောင်းစွာအားထုတ်လျက်၊ မပြုသင့်မပြုထိုက်သောအမှုတို့ကို မပြုပဲ၊ ပြုသင့် ပြုထိုက်သော အမှုတို့ကိုအမြဲပြု၍၊ ကုသိုလ်ကောင်းမှု၌ မမေ့ မလျော့ကုန်သော၊ ကောင်းစွာ ပညာ အမြော်အမြင်ရှိကုန်သောသူတို့မှာ ကာမ စသောအာသဝေါတို့သည် ချုပ်ငြိမ်းကုန်၏။

(တဏှာတည်းဟူသော)အမိကိုလည်းကောင်း (ငါ ဟူသော မာနတည်းဟူသော)အဘကိုလည်းကောင်း၊သတ်၍ (သတ္တဝါ၏ ဝိညာဉ်သည်အမြဲတည်၏ဟု ယူသောသဿတဒိဋ္ဌိ၊ သတ္တဝါ သေလျှင် တဖန်ပြန်မဖြစ်ဟုယူသော ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော) ခေ မြေ သနင်း မင်းနှစ်ပါး တို့ကို လည်းကောင်း၊ (ကပ်ငြိစွဲ လမ်း ခြင်းတည်း ဟူသော ) အခွန်သိမ်း အမတ်နှင့် တကွ (အာယတန တဆယ့် နှစ်ပါးတည်းဟူသော) တိုင်းပြည်ကိုလည်းကောင်း၊ သတ်ဖြတ်ဖျက်ဆီး၍ ရဟန္တာ ပုဂ္ဂိုလ်သည် ဆင်းရဲကင်းစွာ သွားလေ၏။

(တဏှာတည်းဟူသော)အမိ၊(မာနတည်းဟူသော) အဘကိုသတ်၊ (သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော ပုဏ္ဏားမင်း နှစ်ယောက်တို့ကိုလည်းသတ်၊ ကျားရဲရှိသည့် ခရီးနှင့်တူသော ဝိစိကိစ္ဆာလျှင် ငါးခုမြောက်ရှိသည့် နီဝရဏတည်း ဟူသော အနှောင့်အယှက်ကိုလည်း ပယ်ဖျက်၍ ရဟန္တာ ပုဂ္ဂိုလ်သည် ဆင်းရဲကင်းစွာသွားလေ၏။

နေ့ရောည၌ပါ အခါခပ်သိမ်း ဘုရားဂုဏ်တော် (ကိုးပါး) ကို အောက်မေ့ကြကုန်သော ဂေါတမ မြတ်စွာဘုရားတပည့်တို့သည် အခါခပ်သိမ်း နိုးကြားကုန်၏။ (တရားမှန်ကိုကောင်းစွာ သိကုန်၏။)

နေ့ရောည၌ပါ အခါခပ်သိမ်း တရားဂုဏ်တော် (ခြောက်ပါး)ကို အောက်မေ့ကုန်သော ဂေါတမ မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းတရားမှန်ကို သိကုန်၏။

နေ့ရောည၌ပါ အခါခပ်သိမ်း သံဃာ့ဂုဏ်တော် (ကိုးပါး) ကိုအောက်မေ့ကုန်သော ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းတရားမှန်ကိုသိကုန်၏။

နေ့ရောည၌ပါ အခါခပ်သိမ်း ခန္ဓာကိုယ်ကို( ဆံပင်စသော ၃၂ မျိုးတို့ဖြင့် ပိုင်းခြား၍) ရှုကုန်သော ဂေါတမမြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်းတရားမှန်ကို သိကုန်၏။

နေ့ရောည၌ပါ အခါခပ်သိမ်း ကရုဏာဘာရား ပွားများခြင်း၌ မွေ့လျော်သောစိတ် ရှိကုန်သော ဂေါတမ မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကို သိကုန်၏။

နေ့ရောည၌ပါ အခါခပ်သိမ်း မေတ္တာဘာရား ပွားများခြင်း၌ မွေ့လျော်သောစိတ် ရှိကုန်သော ဂေါတမ မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်းတရားမှန်ကို သိကုန်၏။

(စည်းစိမ်ကိုစွန့်၍) ရဟန်းပြုနိုင်ခဲ၏။ သူတော်ကောင်း အကျင့်ကိုကျင့်ခြင်း၌ မွေ့လျော်နိုင်ခဲ၏။ အလိုပြည့်နိုင်ခဲသော အိမ်ရာတည်ထောင် လူ၏ဘောင်၌ နေရခြင်းသည် ဆင်းရဲ၏။ အလိုမတူသောသူနှင့်ပေါင်းဖော်နေထိုင်ရခြင်းသည်ဆင်းရဲ၏။ သံသရာ ခရီးရှည် သွား သော သူ သည် အ စဉ် ဆင်း ရဲ ၏။ ထိုကြောင့် သံသရာခရီးရှည်သွားသောသူမဖြစ်ရာ။ ဆင်းရဲသို့ အစဉ်မကျရောက်ရာ။

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်း များ၊စည်းစိမ်ဥစ္စာလည်းရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ဟိမဝန္တာတောင်သည် အဝေး၌ပင် တည်ရှိသော်လည်း ထင်ရှားပေါ်လွင်သကဲ့သို့၊ သူတော်ကောင်း တို့သည် အဝေး၌ပင် နေကြသော်လည်း ထင်ရှားကုန်၏။ ညအခါ ပစ်လိုက်သောမြားတို့သည် မထင်ရှားသကဲ့သို့ သူယုတ်မာတို့သည် အနီး၌ရှိကြသော်လည်း မထင်ရှားကုန်၊

တယောက် ထီးတည်း နေ၊ တ ယောက် ထီး တည်း အိပ်၊ တ ယောက် ထီး တည်း သွား လာ၍ မပျင်းမရိ တယောက် ထီးတည်း မိမိကိုကိုယ် ဆုံးမသောသူသည် တော၌ မွေ့ လျော်၏။

မဟုတ်မမှန် ပြောဆိုသောသူသည်လည်း ငရဲသို့ သွား၏။ ပြုလုပ်ပြီးလျှင် ငါမပြုလုပ်ဟု ဆိုသောသူသည်သည်း ငရဲသို့

သွား၏။ ယုတ်သောအမှုကို ရှိကုန်သော ထိုသူ နှစ်ယောက်တို့သည် တမလွန်ဘဝ၌ ငရဲခံရခြင်းတူကုန်၏။

ယုတ်မာသော သဘောရှိကြ၍ ကိုယ်၊ နှုတ်၊ စိတ်ကို မစောင့်စည်းပဲ သင်္ကန်းကို လည်ပင်းမှာ ဝတ်ကြသောသူ အများရှိကုန်၏။ ထိုသူယုတ်မာတို့သည် မိမိတို့၏ ယုတ်မာသော မကောင်းမှုတို့ကြောင့် ငရဲ၌ ဖြစ်ကုန်၏။

သီလလည်းမရှိ၊ ကိုယ်-နှုတ်-စိတ်ကိုလည်း မစောင့်စည်းပဲ ပြည်သူပြည်သားတို့ သဒ္ဓါကြည်ဖြူ ပေးလှူသော ဆွမ်းကို စားခြင်းထက် မီးတောက်မီးလျှံကဲ့သို့ ရဲရဲတောက် ပူသော သံခဲကို စားခြင်းသည် သာ၍ ကောင်းသေး၏။

(တရားလမ်းမှန်ကို) သတိမထားပဲ သူတပါး၏ မယားကို မှီဝဲသော သူသည် မကောင်းမှုရရှိခြင်း၊ အလိုရှိတိုင်း ချမ်းသာစွာ မအိပ်ရခြင်း၊ သူတပါးတို့ အကဲ့ရဲ့ခံရခြင်း၊ ငရဲခံရခြင်း၊ ဤလေးပါးသော ဆင်းရဲခြင်းတို့သို့ ရောက်ရ၏။

မကောင်းမှုကို ရ၏။ ယုတ်သောဘဝသို့ သွားရ၏။ ကြောက်ကြောက်လန့်လန့်ဖြစ်သော ယောကျာ်း၏ ကြောက်ကြောက်လန့်လန့်ဖြစ်သော မိန်းမနှင့် မွေ့လျော် ပျော်ပါးရခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။ အစိုးရမင်းသည် ကြီးလေးသော ဒဏ်ကိုလည်း ပေးတတ်၏။ ထို့ကြောင့် ယောကျာ်းသည် သူတပါးမယားကို မမှီဝဲရာ။

ကောင်းစွာ မကိုင်လျှင် သမန်းမြက်သည် ထိုလက်ကိုပင် ခွဲရှသကဲ့သို့၊ ကောင်းစွာ အသုံးမပြုလျှင် ရဟန်း အဖြစ်သည် ထိုရဟန်းကိုပင် ငရဲသို့ ဆွဲချတတ်လေ၏။

ပေါ့လျော့စွာပြုသော အမှုသည်လည်းကောင်း၊ သီလ ညစ်နွမ်းစေတတ်သော အကျင့်သည်လည်းကောင်း၊ ယုံမှား သံသယနှင့် ကျင့်သော သူတော်ကောင်း အကျင့်သည်လည်းကောင်း၊ အကျိုးများစွာ မရှိချေ။

ကောင်းမှုကိုပြုလျှင် ထိရောက်စွာ ပြုရာ၏။ ထိုကောင်းမှုကို မြဲမြံစွာ အားထုတ်ပြုလုပ်ရာ၏။ ပေါ့လျော့သော ရဟန်း ဖြစ်ခြင်းသည် ကိလေသာမြူကို အလွန်ပျံ့လွင့်စေတတ်၏။

မကောင်းမှုကိုပြုလျှင် နောက်အခါ၌ ပူပန်ရသောကြောင့် မကောင်းမှု မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါ၌ မပူပင်ရ။ (ဝမ်းမြောက်ရ)သောကြောင့် ကောင်းမှုကို ပြုရခြင်းသည် မြတ်၏။

တိုင်းပြည်၏ အစွန်အနားဖြစ်သော မြို့ကို အတွင်း အပြင် လုံခြုံအောင် စောင့်ရှောက်အပ်သကဲ့သို့ မိမိကိုယ်ကို (မျက်စိစသော) အတွင်း (ရူပါရုံစသော) အပြင်နှင့်တကွ လုံခြုံအောင် စောင့်ရှောက်ကြကုန်လော၊ (ဘုရားပွင့်ရာ) အခါကောင်းကို မလွန်စေကုန်လင့်။ ထိုအခါကောင်းကို လွန်ကုန်သော သူတို့သည် ငရဲ၌ ဆင်းရဲခံ၍ စိုးရိမ်ရကုန်၏။

ရှက်ဖွယ်မဟုတ်ရာ၌ ရှက်တတ်၊ ရှက်ဖွယ်ဟုတ်ရာ၌ မရှက်တတ်ကုန်သော၊ မှားယွင်းသော အယူရှိကုန်သော သူတို့သည်။ မကောင်းသောဘဝသို့ သွားကုန်၏။

ကြောက်စရာ မဟုတ်ရာ၌ ကြောက်စရာဟု မြင်တတ်၊ ကြောက်စရာဟုတ်ရာ၌ ကြောက်စရာဟု မမြင်တတ်ကုန်သော၊ မှားသောအယူရှိကုန်သောသူတို့သည်၊ မကောင်းသောဘဝသို့ သွားကုန်၏။

အပြစ်မဟုတ်သည်၌ အပြစ်ဟုမှတ်ထင်တတ်၊ အပြစ် ဟုတ်သည်၌ အပြစ်ဟုမမှတ်ထင်တတ်ကုန်သော၊ မှားသော အယူရှိကုန်သောသူတို့သည် မကောင်းသော ဘဝသို့ သွားကုန်၏။

အပြစ်ကို အပြစ်ဟုသိ၊ အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကုန်သော မှန်သောအယူ ရှိကုန်သော သူတို့သည် ကောင်းသောဘဝသို့ သွားကုန်၏၊

ဆင်ပြောင်သည် စစ်မြေပြင်၌ လေးမှပစ်လိုက်သောမြားကို မတုန်မလှုပ်ခံသကဲ့သို့၊ ငါဘုရားသည် လွန်ကျူး စော်ကားသောစကားကို သည်းခံအံ့ (လောကီသား) လူအများသည် သီလမရှိ(လွန်ကျူးစော်ကား၍ ပြောဆိုတတ်၏။)

လူစုလူဝေးရှိရာ ပွဲသဘင်သို့ ယဉ်သောဆင်မြင်း စသည်ကိုသာ ယူဆောင်ကုန်၏(အသုံးပြုကုန်၏)မင်းသည် ယဉ်သော ဆင်မြင်းကိုသာစီး၏ (ဉာဏ်ဖြင့်အမှန်သိ၍) ယဉ်ကျေးပြီးသော

လွန်ကျူး စော်ကားသည့် စကားကို သည်းခံသောသူသည် လူအပေါင်းတို့တွင် အမြတ်ဆုံးဖြစ်၏။

ယဉ်သောအသိတိုရမြင်း၊ အာဇာနိမြင်း၊ သိန္ဓောမြင်း၊ ကုဉ္ဇရခေါ်သောဆင်ကြီးတို့သည် ကောင်းမြတ်ကုန်၏။ မိမိ၏ ကိုယ်စိတ်နှစ်ပါးကို ဆုံးမယဉ်ကျေးပြီးသောသူသည် ထို ဆင်ကောင်း မြင်းကောင်းတို့ထက် သာလွန် ကောင်းမြတ်၏။

မရောက်ဖူးသောအရပ်သို့(နိဗ္ဗာန်သို့) ထိုဆင်ယဉ် မြင်းယဉ်တို့ဖြင့် မရောက်နိုင်၊ မျက်စိစသော ဣန္ဒြေတို့ကို ဆုံးမခြင်းအားဖြင့် မိမိ၏ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ ဆုံးမပြီးသောသူသည်သာ ထိုအရပ်(နိဗ္ဗာန်)သို့ရောက်နိုင်၏၊

ပြင်းထန်စွာအမုန်ယစ်၍ နှိမ်နင်း ခဲယဉ်းသော ဓနပါလ မည်သောဆင်သည် အဖွဲ့အချည်ခံရသဖြင့် အစာမစားပဲ မိမိ နေရာဆင်တောကိုသာ အောက်မေ့ကာနေလေ၏။

ပျဉ်းရိငိုက်မျဉ်း၍ အစားကြူးပြီးလျှင်၊ ကျွေးမွေး ထားသောဝက်ကြီးကဲ့သို့၊ တလူးလူးတလည်းလည်းအိပ်လေ့ရှိသောသူသည် (မမြဲခြင်းစသော သဘောတရားတို့ကို မဆင်ခြင်နိုင်သဖြင့်) အဖန်တလဲလဲ အမိဝမ်း၌ပဋိသန္ဓေနေရ၏။

ဤစိတ်သည် ရှေးအခါက လိုရာအာရုံကို လိုက်စားလျက်၊ အလိုရှိတိုင်းကောင်းနိုးရာရာ လှည့်လည် ကြက်စားလေ့ရှိခဲ့၏။

ငါသည် ယနေ့ထိုစိတ်ကိုဆင်ထိန်းသည် အမုန်ယစ်သောဆင်ကို ချွန်းဖြင့်နှိပ်သကဲ့သို့၊ သတိထရားဖြင့်နှိပ်ပေအံ့။

မမေ့လျော့သော သတိတရား၌ မွေ့လျော်ကုန်လော၊ မိမိစိတ်ကို စောင့်ရှောက်ကြကုန်လော၊ ညွန်၌ ကျွံနစ်သောဆင်သည် မိမိကိုယ်ကို ညွန်တွင်းမှ နုတ်သကဲ့သို့၊ သင်တို့သည် ကိလေသာတည်းဟူသော ညွန်တွင်းမှ မိမိကိုယ်ကို နုတ်ဆယ်ကြကုန်လော့။

ပညာရင့်၍ ကောင်းစွာ နေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော် ပညာရှိ အဆွေခင်ပွန်းကို အကယ်၍ ရခဲ့လျှင်၊ ထိုအဆွေခင်ပွန်းနှင့်အတူတကွ၊ ဘေးရန် အားလုံးတို့ကိုနှိမ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိတရားနှင့် ပြည့်စုံစွာ ကျင့်ကြံနေထိုင်ရာ၏။

ပညာရင့်၍ ကောင်းစွာ နေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော် ပညာရှိ အဆွေခင်ပွန်းကို အကယ်၍ မရခဲ့လျှင်၊ မင်းသည် နိုင်ပြီးသောတိုင်းပြည်ကို စွန့်ထွက်သွားသကဲ့သို့ လည်းကောင်း၊ မာတင်္ဂ ဆင်မင်းသည် တော၌ တကောင်တည်းလှည့်လည်သကဲ့သို့လည်းကောင်း၊ တယောက်ထီးတည်းကျင့်ရာ၏။

တယောက်ထီးတည်း ကျင့်ခြင်းသည် မြတ်၏။ သူမိုက်နှင့် အပေါင်း အဖော် မပြုရာ။ မာတင်္ဂ ဆင်မင်းသည် တော၌

တယောက်တည်းကြောင့်ကြမရှိလှည့်လည်သကဲ့သို့ တယောက်ထီးတည်းကြောင့်ကြမဲ့ ကျင့်ရာ၏။ မကောင်းမှုတို့ကို မပြုရာ။

အရေးကိစ္စပေါ်ပေါက်သောအခါ အဆွေခင်ပွန်း ရှိခြင်းသည် ချမ်းသာ၏။ ရရသမျှသော ပစ္စည်း ဥစ္စာနှင့် ရောင့်ရဲခြင်းသည်ချမ်းသာ၏။ အသက် ကုန်ချိန် ရောက်သောအခါ၌ ကောင်းမှုရှိခြင်းသည် ချမ်းသာ၏။ အလုံးစုံသော ဝဋ်ဆင်းရဲကင်းခြင်းသည်(နိဗ္ဗာန်သည်) ချမ်းသာ၏။

လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဘကိုပြုစုလုပ်ကျွေးခြင်းသည်ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်း လေးပါးတို့ဖြင့် အရိုအသေ ပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

သီလရှိခြင်းသည် အိုသည်တိုင်အောင်ချမ်းသာ၏။ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ အသိဉာဏ်ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

မာလောနွယ်သည်(မိမိမှီရာသစ်ပင်ကို လွှမ်းမိုး၍) ကြီးပွားသကဲ့သို့၊ မေ့မေ့လျော့လျော့ နေသောသူမှာ တဏှာပွား၏။ တော၌သစ်သီးကိုအလိုရှိသောမျောက်သည် သစ်ပင် တပင်မှ

ဘင်သို့ ခုန်လွှားပြေးသွားသကဲ့သို့။ ထိုတဏှာ ပွားသောသူ သည် တဘဝမှ တဘဝသို့ပြေးသွားရလေ၏။

လောက၌ ကပ်ငြိ တွယ်တာတတ်၍ ယုတ်မာသော ဤ ဘဏှာအမိစီး အနှိပ်စက်ခံရသောသူမှာပြိတ်(ပြိန်း)မြက်သည် ခိုးရှာသည့်အခါ အလွန် ကြီးပွားသကဲ့သို့ စိုးရိမ်ကြောင့်ကြ ပွားကုန်၏။

လောက၌ လွန်မြောက် နိုင်ခဲသည့် ဤ ယုတ်မာသော တဏှာကို နှိမ်နင်းနိုင်ခဲ့လျှင်၊ ထိုနှိမ်နင်းနိုင်သော သူမှ၊ ရေ ပေါက်တို့သည် ကြာရွက်မှ လျှောကျသကဲ့သို့၊ စိုးရိမ်ကြောင့် ကြခြင်းတို့သည် လျှောကျကုန်၏။

ထို့ကြောင့် ဤအရပ်၌ အညီအညွတ် စည်းဝေးလာကြ ကုန်သော သင်တို့အား၊ ငါသည် ကောင်းသော တရားကို ဟောအံ့၊ (မွှေးကြိုင်သော) ပန်းရင်းမြစ်ကို အလိုရှိသောသူ သည်၊ ပြိတ်(ပြိန်း) မြက်ကို တူးသကဲ့သို့၊ တဏှာ၏ အရင်း အမြစ်ကို တူးပြစ်ကြကုန်လော၊ ရေအလျဉ်သည် ကျူပင်ကို ဖျက်ဆီးသကဲ့သို့ ကိလေသာမာရ်ကိုယ်တိုင်းရန်သည် သင်တို့ကို အဖန်တလဲလဲ မဖျက်ဆီးစေလင့်။

သစ်ပင်ကို ဖြတ်သော်လည်း အမြစ်ကို မဖျက်ဆီးသဖြင့် ခိုင်မြဲလျက်ရှိနေလျှင် ထိုသစ်ပင် တဖန် စည်ကားပြန်သကဲ့သို့၊

ကိန်းအောင်းနေသောတဏှာကိုမဖြတ်ခဲ့လျှင် (ပဋိသန္ဓေ နေရခြင်းစသော) ဆင်းရဲသည် အဖန်တလဲလဲဖြစ်လေ၏။

အမြင်မှားသောသူ၏တဏှာအလျဉ် သုံးဆယ့်ခြောက်ပါးတို့သည် နှစ်သက်ဖွယ်ရှိသော ရူပါရုံ စသည်တို့ ပြင်းထန်စွာ စီးကုန်၏။ ထိုအမြင်မှားသောသူကို ရာဂနှင့် စပ်သော အကြံအစည်တို့သည် ဆောင်ယူကုန်၏။

(တဏှာတည်းဟူသော) ရေအလျဉ်တို့သည် အလုံးစုံသော အရပ်တို့၌ စီးတတ်ကုန်၏။ (တဏှာတည်းဟူသော) နွယ်သည် (မျက်စိစသောဒွာရခြောက်ပါး၌)ပေါက်၍ (ရူပါရုံ စသောအာရုံခြောက်ပါး၌)တည်၏။ ထို(တဏှာတည်းဟူသော)နွယ်ပေါက်သည်ကိုမြင်၍ ထိုနွယ်၏အမြစ်ကို ဉာဏ်ဖြင့် ဖြတ်ကုန်လော။

တဏှာ၏ အလိုသို့ လိုက်သောသူမှာ အောက်မေ့ခြင်း၊ ချစ်ခင်စွဲလန်းခြင်း သဘော ရှိကုန်သော ဝမ်းမြောက်ခြင်းတို့သည် ဖြစ်ကုန်၏။ ထိုတဏှာ၏ အလိုသို့လိုက်၍ ကာမဂုဏ်ချမ်းသာကိုရှာလေ့ရှိကုန်သောသူတို့သည် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်းသို့ ရောက်ကုန်၏။

တဏှာရှေ့ဆောင်ရှိကုန်သော သတ္တဝါတို့သည် ကျော့ကွင်း၌မိသောယုန်ကဲ့သို့ကြောက်ကြကုန်၏။ ကာမရာဂ စသော

သယောဇဉ်အနှောင်အဖွဲ့ခံရကုန်သောသူတို့သည်အဖန်တလဲလဲ ကြာမြင့်စွာ ဆင်းရဲသို့ ရောက်ကြရကုန်၏။

တဏှာ ရှေ့ဆောင်ရှိကုန်သော သတ္တဝါတို့သည် ကျော့ ကွင်း၌မိသောယုန်ကဲ့သို့ကြောက်ကြကုန်၏။ ထို့ကြောင့် မိမိ၏ ရာဂကင်းရာ(နိဗ္ဗာန်)ကိုအလိုရှိသော ရဟန်းသည် တဏှာကို ပယ်ဖျောက်ရာ၏။

(အိမ် ရာ တည် ထောင် လူ၏ ဘောင်၌ နေခြင်းတည်း ဟူသော)တဏှာမှလွတ်၍(ရဟန်းအဖြစ်ဖြင့် မြတ်သောအကျင့် တည်းဟူသော)တောသို့ သက်ဝင်ကာ(တဏှာတည်းဟူသော) တောမှလွတ်ပြီးဖြစ်လျက် (တဏှာတည်းဟူသော)တောသို့ပင် တဖန်ပြေးဝင်ပြန်သောသူသည်ရှိ၏။ အနှောင်အဖွဲ့မှ လွတ်ပြီး ဖြစ်လျက် အနှောင်အဖွဲ့သို့ပင် တဖန် ပြေးဝင်ပြန်သော ထိုသူကိုရကြကုန်လော။

သံဖြင့်လုပ်သော(သံခြေချင်းစသော)အနှောင်အဖွဲ့၊ သစ် သားဖြင့်လုပ်သော(ထိတ်ဘိုးစသော)အနှောင်အဖွဲ့၊မြက်လျှော် မျှင်တို့ဖြင့်လုပ်သော(ကြိုး စသော) အနှောင်အဖွဲ့မျိုးကို ခိုင်မြဲ သော အနှောင်အဖွဲ့ဟု ပညာရှိတို့ မခေါ်ကုန်။ (ပတ္တမြား စသော) ရတနာ၊ နားတောင်းစသော တန်ဆာပလာ၊ သား သမီး မယားတို့ကိုငဲ့ကွက်တပ်မက်သောတဏှာသည် ရှိလေ၏။

ထို တဏှာ တည်းဟူသော အနှောင်အဖွဲ့ကို ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ခေါ်ကုန်၏ (အပါယ်လေးပါး

တည်းဟူသော)ယုဘ်နိမ့်ရာသို့ဆောင်တတ်သော(ဖွဲ့မှုန်းမသိ ဖွဲ့သဖြင့်)လျော့ဟန်ရှိသော်လည်း လွတ်နိုင်ရန်ခဲယဉ်းသော ဤတဏှာတည်းဟူသော အနှောင်အဖွဲ့ကို ပညာရှိတို့သည်(ဥာဏ်တည်းဟူသော ဓားဖြင့်)ဖြတ်၍ ငဲ့ကွက်ခြင်းမရှိပဲ၊ ကာမဂုဏ်ချမ်းသာကိုစွန့်ကာ ရဟန်းပြုကုန်၏။

ပင့်ကူသည် မိမိပြုလုပ်သော ပင့်ကူအိမ်သို့ ပြန်၍ကျသကဲ့သို့၊ ရာဂဖြင့်တပ်မက်မောကုန်သောသူတို့သည် မိမိတို့ပြုသော တဏှာအလျဉ်သို့ ကျကုန်၏။ ပညာရှိတို့သည် ဤတဏှာအလျဉ်ကိုဖြတ်၍ ငဲ့ကွက်ခြင်းမရှိပဲ၊ အလုံးစုံသော ဆင်းရဲကိုစွန့်ကာ (နိဗ္ဗာန်သို့) သွားကုန်၏။

လွန်လေပြီးသော (ပစ္စည်းဥစ္စာကိုယ်ခန္ဓာ)၊ နောင်ဖြစ်ပေါ်မည့် (ပစ္စည်းဥစ္စာကိုယ်ခန္ဓာ)၊ ယခုလက်ရှိ (ပစ္စည်းဥစ္စာ ကိုယ်ခန္ဓာ)တို့၌ တပ်နှစ်သက်ခြင်းကိုစွန့်လော၊ (ဤသို့စွန့်၍) ဘဝသုံးပါး၏ကမ်းတဘက်သို့သွားလော၊ အလုံးစုံသော လောကီတရား၌ စိတ်အစွဲအလမ်းမရှိသောသူသည် တဖန် ပဋိသန္ဓေနေရခြင်း၊ အိုရခြင်းသို့မရောက်လတ္တံ့။

ကာမဂုဏ်စိတ်အကြံနှိပ်စက်၍ ရာဂထက်သန်သော၊ ကာမဂုဏ်အာရုံကို တင့်တယ်သည်ဟု ရှုလေ့ရှိသောသူမှာ တဏှာသည် အလွန်ပွားလေ၏။ ဤသို့သဘောရှိသောသူသည် တဏှာတည်းဟူသော အနှောင်အဖွဲ့ကို မြဲသည်ထက် မြဲအောင် ပြုလေ၏။

ကာမဂုဏ်စိတ်အကြံဖြင့်မီးခြင်း၌ မွေ့လျော်သော၊ အမြဲ သတိရှိလျက်၊ ကာမဂုဏ်အာရုံကို၊ မတင့်တယ်ဟုရှုလေ့ရှိသော သူသည် တဏှာကင်းခြင်းကိုပြုလတ္တံ့။ ဤသူသည်(ဝဋ္ဋဆင်းရဲ တည်းဟူသော)မာရ်မင်း၏အနှောင်အဖွဲ့ကိုဖြတ်လတ္တံ့။

အပြီးအဆုံး(အရဟတ္တဖိုလ်တည်းဟူသော ပန်းတိုင်သို့ ရောက် ပြီးသောသူသည် ထိတ်လန့်ခြင်းမရှိ၊ တဏှာမရှိ၊ ကိလေသာ ကင်း၏။ ဘဝသုံးပါး၌ ရှိသည့်ရာဂ စသော ညှောင့်အားလုံး တို့ကို ဖြတ်ပြီးဖြစ်၏။ ဤသူ၏ ကိုယ်ခန္ဓာသည် နောက်ဆုံး ဖြစ်၏။

တဏှာကင်းဒုံ့။ အစွဲအလမ်းမရှိ၊ ဝိဂြိုလ်ဆိုခြင်း၌ သော် လည်းကောင်း၊ ပုဒ်ကိုရွတ်ဆိုခြင်း၌သော်လည်းကောင်း၊ လိမ္မာ ၏။ အက္ခရာတို့၏အပေါင်းကိုလည်းသိ၏။ ရှေ့အက္ခရာ နောက် အက္ခရာတို့၏ အဆက်အသွယ်တို့ကိုလည်း သိ၏။ နောက်ဆုံး ဘဝဖြစ်သော ခန္ဓာကိုယ်လည်းရှိ၏။ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို တကဲ့ပညာရှိကြီးဟုခေါ်၏။

ငါသည် အလုံးစုံကိုနှိမ်နင်းအောင်မြင်ပြီးပြီ၊ အလုံးစုံသော သဘောတရားကိုသိ၏။ အလုံးစုံသော သဘောတရားကို တပ် မက်ကပ်ငြိခြင်းမရှိ၊ အလုံးစုံသော အရာကို စွန့်ပြီးပြီ၊ တဏှာ ကုန်ရာ အရဟတ္တဖိုလ်တည်၏။ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သစ္စာ လေးပါးတရားကိုသိသဖြင့် အဘယ်သူကို ငါ၏ဆရာဟူ၍ ညွှန်

ပြုအံ့နည်း။ (သင်၏ဆရာအဘယ်သူနည်းဟု ဥပကမေးရာ ဖြေဆိုတော်မူသောဂါထာ)။

(တရားတော်ကိုဟောခြင်း၊ သင်ပေးခြင်း စသော) တရားအလှူသည် အလှူအားလုံးတို့ထက်မြတ်၏။ တရားအရသာသည် (အပူခပ်သိမ်းကို ငြိမ်းစေတတ်သဖြင့်) အားလုံးသောအရသာတို့ထက် ကောင်း၏။ တရားနှင့် မွေ့လျော်ခြင်းသည် (ပူပန်ကြောင့်ကြဆင်းရဲဟူသမျှကို ကင်းစေတတ်သဖြင့်) သားမယား စည်းစိမ်ဥစ္စာ ကခြင်း သီခြင်း တီးမှုတ်ခြင်း စသောအမွေ့အလျော် အပျော်အပါး အားလုံးတို့ထက် ကောင်းမြတ်၏။ တဏှာကုန်ရာ (နိဗ္ဗာန်) သည် အလုံးစုံသော ဆင်းရဲကိုအောင်မြင်၏။

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ဟိုမှာဘက်ကမ်း (နိဗ္ဗာန်)ကိုရှာကုန်သောပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်။ ပညာမရှိသော သူသည် စည်းစိမ်ဥစ္စာကိုတပ်မက်သဖြင့် သူတပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကိုဖျက်ဆီးတတ်၏။

လယ်တို့သည် မြက်(ပေါင်း) ကြောင့် ပျက်စီးကုန်၏။ ဤသတ္တဝါအပေါင်းသည် ရာဂကြောင့် ပျက်စီး၏။ ထို့ကြောင့် ရာဂကင်းသောပုဂ္ဂိုလ်တို့ကို ပေးလှူသောအလှူသည် အကျိုးများ၏။

လယ်တို့သည် မြက်(ပေါင်း) ကြောင့် ပျက်စီးကုန်၏။ ဤသတ္တဝါအပေါင်းသည် ဒေါသကြောင့်ပျက်စီး၏။ ထို့ကြောင့် ဒေါသကင်းသော ပုဂ္ဂိုလ်တို့ကို ပေးလှူသော အလှူသည် အကျိုးများ၏။

လယ်တို့သည် မြက် (ပေါင်း) ကြောင့် ပျက်စီးကုန်၏ ဤသတ္တဝါအပေါင်းသည် မောဟကြောင့်ပျက်စီး၏။ ထို့ကြောင့် မောဟကင်းသော ပုဂ္ဂိုလ်တို့ကိုပေးလှူသောအလှူသည် အကျိုးများ၏။

လယ်တို့သည် မြက် (ပေါင်း) ကြောင့် ပျက်စီးကုန်၏။ ဤသတ္တဝါအပေါင်းသည် အလိုဆန္ဒကြောင့်ပျက်စီး၏။ထို့ကြောင့် အလိုဆန္ဒကင်းသော ပုဂ္ဂိုလ်တို့ကို ပေးလှူသော အလှူသည် အကျိုးများ၏။

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့်စောင့်စည်းခြင်းသည် ကောင်း၏။

ကိုယ်ဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏။ နှုတ်ဖြင့်စောင့်စည်းခြင်းသည် ကောင်း၏။ စိတ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ အလုံးစုံသော ဒွါရခြောက်ပါးတို့၌ စောင့်စည်းသော ရဟန်းသည် အလုံးစုံသော ဆင်းရဲမှ လွတ်မြောက်၏။

လက်ကို စောင့်စည်း၊ ခြေကို စောင့်စည်း၊ နှုတ်ကို စောင့်စည်း၊ အရာရာကိုကောင်းစွာစောင့်စည်း၍ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၌ မွေ့လျော်လျက် တည်ကြည်သော စိတ်လည်းရှိ၊ တယောက်ထီးတည်းနေ၍ ရရသမျှနှင့်လည်း ရောင့်ရဲသော ပုဂ္ဂိုလ်ကို ရဟန်းဟုခေါ်၏။

ရဟန်းသည် နှုတ်ကိုစောင့်စည်း၏။ ပညာဖြင့် ဆင်ခြင်၍ ပြောဆိုလေ့ရှိ၏။ မပျံ့လွင့်သောစိတ်ရှိ၏။ အနက်အဓိပ္ပာယ်ကို သော်လည်းကောင်း၊ ဘုရားဟော တရားတော်ကိုသော်လည်းကောင်း ဟောပြောတတ်၏။ ထိုသို့ သဘောရှိသော ရဟန်း၏စကားသည် ချိုမြတ်၏။

သူတော်ကောင်းတရားနှင့် အညီ နေ၍ သူတော်ကောင်းတရားနှင့် မွေ့လျော်လျက် သူတော်ကောင်းတရားကို အဖန်တလဲလဲဆင်ခြင်အောက်မေ့သောရဟန်းသည် ၃၇ ပါးသော ဗောဓိပက္ခိယတရား၊ ၉ ပါးသော လောကုတ္တရာ တရားမှ မဆုတ်ယုတ်လေ။

ရဟန်းမည်သည်(တရားနှင့်အညီရသော)မိမိ၏လာဘ်ကို မထီမဲ့မြင် မအောက်မေ့ရာ။ သူတပါးတို့၏လာဘ်ကို မနှစ်သက်မတောင့်တရာ။ သူတပါးတို့၏ လာဘ်ကို နှစ်သက်တောင့်တသောရဟန်းသည် စိတ်တည်ကြည်ခြင်းကိုမရလေ။

ရဟန်းသည် လာဘ်ပင် နည်းသော်လည်း (တရားနှင့်အညီရသော)မိမိ၏လာဘ်ကို အကယ်၍ မထီမဲ့မြင် မအောက်မေ့ခဲ့

လျှင်၊ အသက်မွေးစင်ကြယ်၍ ပျင်းရိခြင်းမရှိသော ထိုရဟန်းကို နတ်တို့သည် ချီးမွမ်းကုန်၏။

နာမ်တရား ရုပ်တရားကို ငါ၊ ငါ၏ဥစ္စာဟူ၍ မြတ်နိုး စွဲလမ်းခြင်းမရှိ။ ထိုနာမ်ရုပ်ပျက်စီးသော်လည်း (ငါ၊ ငါ၏ဥစ္စာပျက်စီးလေပြီ ဟူ၍) စိုးရိမ်ပူပန်ခြင်း မရှိသောသူကို စင်စစ်ရဟန်းဟုခေါ်၏။

မေတ္တာတရားကို ပွားများလေ့ရှိ၍ မြတ်စွာဘုရား၏ တရားတော်ကို ယုံကြည်မြတ်နိုးသောရဟန်းသည် ပြုပြင်ခြင်းကင်း၍ ဆင်းရဲငြိမ်းရာ ချမ်းသာသောနိဗ္ဗာန်သို့ရောက်လေ၏။

အိုရဟန်း(ဤခန္ဓာကိုယ်တည်းဟူသော)လှေမှ (အကြံမှားမိစ္ဆာဝိတက်တည်းဟူသောရေကို) ပက်ထုတ်လော၊ ထိုသို့ပက်ထုတ်လျှင် သင်၏(ခန္ဓာကိုယ်တည်းဟူသောလှေသည် လျင်မြန်စွာ သွားလတ္တံ့ (အနှောင်အဖွဲ့ဖြစ်သော) ရာဂကို သော်လည်းကောင်း၊ ဒေါသကို သော်လည်းကောင်း ဖြတ်လျှင် သင်သည် နိဗ္ဗာန်သို့ရောက်လတ္တံ့။

(အယူမှားခြင်း၊ ယုံမှားခြင်း၊ အကိုးကွယ်မှားခြင်း၊ ကာမဘုံ၌ တပ်မက်ခြင်း၊ ရန်ငြိုးထားခြင်း) ဤအနှောင်အဖွဲ့ ငါးပါးတို့ကိုဖြတ်လော။ (ရူပဘုံ၌ တပ်မက်ခြင်း၊ အရူပဘုံ၌ တပ်မက်ခြင်း၊ ထောင်လွှားခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ တရား

မှန်ကို မသိခြင်း) ဤ အနှောင်အဖွဲ့ ငါးပါးတို့ကို စွန့်လော၊ (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ) ဤ ငါးပါးသော တရားတို့ကို ပွားများလော၊ (ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ) ဤ အငြိအတွယ်တရား ငါးပါးတို့ကို လွန်မြောက်သော ရဟန်းကို သံသရာဝဲကိုကူးမြောက်ပြီးသောပုဂ္ဂိုလ်ဟု ခေါ်၏။

အိုရဟန်း၊ ကမ္မဋ္ဌာန်းရှုလော၊ မမေ့လျော့လင့်၊ သင်၏ စိတ်ကိုကာမဂုဏ်၌ မမွေ့လျော်စေလင့်၊ မေ့လျော့၍ (ငရဲ၌ ပူစေတတ်သော) သံတွေ ခဲကို မမျိုလင့်၊ လောင်သည် ရှိသော် ဤသို့ အလောင်ခံရခြင်းသည် ဆင်းရဲလေစွဟု မငို ကြွေးလင့်။

ပ ညာ မ ရှိ သော သူမှာ ကမ္မဋ္ဌာန်းရှုသော သဘောမရှိ၊ ကမ္မဋ္ဌာန်းမရှုသောသူမှာပညာမရှိ၊ ကမ္မဋ္ဌာန်းလည်းရှု ပညာ လည်းရှိသောသူသာလျှင် စင်စစ်နိဗ္ဗာန်နှင့် နီး၏။

ဆိတ်ငြိမ်ရာအရပ်၌နေလေ့ရှိ၍ ငြိမ်သက်သောစိတ်ရှိသော တရားကို ကောင်းစွာရှုဆင်ခြင်သော ရဟန်းမှာ လူသာမန် တို့နှင့် မလိုက်သော (ချာန်-မဂ်-ဖိုလ်-နိဗ္ဗာန်ချမ်းသာ၌) မွေ့ လျော်ခြင်းသည် ဖြစ်၏။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ဆင်ခြင်သုံး သပ်တိုင်း သုံးသပ်တိုင်း နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းကို ရလေ၏။ ထိုနှစ်သက် ဝမ်းမြောက်ခြင်းသည် တရားမှန်ကို

သိကုန်သော ပညာရှိတို့အတွက် မသေရာ (နိဗ္ဗာန်) မည်၏။ (နိဗ္ဗာန်ရောက်ကြောင်းဖြစ်၏။)

ဤ ဘုရား သာသနာတော်၌ ပညာရှိသော ရဟန်းသည် ဣန္ဒြေကိုစောင့်ရှောက်၏။ ရရသမျှသော ပစ္စည်းလေးပါးနှင့် ရောင့်ရဲ၏။ ပါတိမောက်သီလကို စောင့်ရှောက်၏။ အသက်မွေး စင်ကြယ်ကုန်၍ မပျင်းမရိ သီလရှိကုန်သော အဆွေခင်ပွန်းကောင်းတို့ကို မှီဝဲ ဆည်းကပ်၏။ ဤ စင်ကြယ်သော သီလလေးပါးသည် နိဗ္ဗာန်ရောက်ကြောင်းအစဖြစ်၏။

ရဟန်းသည် စေ့စပ်သော အသက်မွေးခြင်း ရှိရာ၏။ ကျင့်ဝတ်၌ လိမ္မာရာ၏၊ ထိုသို့ သဘောရှိသော ရဟန်းသည် များစွာဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ဆင်းရဲကင်းရာ(နိဗ္ဗာန်) သို့ ရောက်လတ္တံ့။

အိုရဟန်းတို့၊ မြတ်လေးပန်းပင်သည် ရင့်ရော် ညှိုးနွမ်းကုန်သော ပန်းပွင့်တို့ကို ကြွေကျစေသကဲ့သို့၊ သင်တို့သည် ရာဂကိုလည်းကောင်း၊ ဒေါသကိုလည်းကောင်း၊ စွန့်လွှတ်ကြကုန်သော။

(ကာယဒုစရိုက်ကင်းသဖြင့်) ငြိမ်သက်သောကိုယ်၊ (ဝစီဒုစရိုက်ကင်းသဖြင့်) ငြိမ်သက်သောနှုတ်၊ (မနော ဒုစရိုက်ကင်းသဖြင့်) ငြိမ်သက်သောစိတ် ရှိသည်ဖြစ်၍ ကောင်းစွာတည်ကြည်သော၊ လောကစည်းစိမ် အရှိန်အစော် စသည့်ကို ပယ်ပြီးသောရဟန်းကို ငြိမ်သက်သောပုဂ္ဂိုလ်ဟု ခေါ်၏၊

အိုရဟန်း၊ မိမိကိုယ်ကို မိမိတိုက်တွန်းဆုံးမလော၊ မိမိကိုယ်ကို မိမိ စုံစမ်းဆင်ခြင်လော၊ မိမိကိုယ်ကို စောင့်ရှောက်၍ သတိနှင့် ပြည့်စုံလျှင် သင်သည်ချမ်းသာစွာ နေရလတ္တံ့။

မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏။ မိမိသည်သာလျှင် မိမိ၏ (နောင်ဘဝအတွက်) သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည် သည် အမျိုးကောင်းသောမြင်းကို ကောင်းစွာ စောင့်ရှောက်သကဲ့သို့၊ မိမိကိုယ်ကို (အကုသိုလ် ကင်းအောင် စောင့်ရှောက်လော။)

ဝမ်းမြောက်ခြင်း များစွာရှိ၍ မြတ်စွာဘုရား၏ တရားတော်ကိုယုံကြည်မြတ်နိုးသော ရဟန်းသည် ကိလေသာငြိမ်း၍ ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်ချမ်းသာကိုရလတ္တံ့ ။

အသက် အရွယ်ပင် ငယ်သော်လည်း မြတ်စွာဘုရား၏ အဆုံးမတရားတော်၌ လုံ့လပြုသောရဟန်းသည်၊ တိမ်တိုက်မှ ကင်းလွတ်သောလမင်းကဲ့သို့ (မိမိ၏အရဟတ္တမဂ်ဉာဏ်ရောင်ဖြင့်) ဤလောကကို ထွန်းလင်းတောက်ပစေ၏။

အိုပုဏ္ဏား(သူတော်ကောင်း)သင်သည်လုံ့လပြု၍ (တဏှာ တည်းဟူသော အလျဉ်ကို ဖြတ်လော၊ ကာမဂုဏ် တို့ကို ပယ်လော၊ အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော ကိုယ်ခန္ဓာ စသည်တို့၏ ပျက်စီးတတ်သော သဘောကိုသိ၍ အကြောင်းတရားတို့သည် မပြုပြင် အပ် သော နိဗ္ဗာန်ကို သိသောသူဖြစ်လော။

သူတော်ကောင်းသည် (သမထ၊ဝိပဿနာတည်းဟူသော) တရားနှစ်ပါးတို့၌ (ဉာဏ်အလင်းပေါက်၍) အပြီးသို့ ရောက်သောအခါ၊ ထိုတရားမှန်ကို သိသော သူတော်ကောင်းမှာ အလုံးစုံသောအနှောင်အဖွဲ့တို့သည် ကင်းပျောက်ကုန်၏။

(မျက်စိစသည့် အတွင်း အာယတန ခြောက်ပါးတည်းဟူသော)ဤမှဘက်ကမ်း၊ (ရူပါရုံစသည့် အပြင် အာယတန ခြောက်ပါး တည်းဟူသော) ထိုမှာဘက်ကမ်း၊ ဤကမ်းနှစ်ဘက်စလုံးမရှိသော၊ ကိလေသာ အနှောင့်အယှက်ကင်း၍ စွဲလမ်းခြင်းမရှိသောသူကို ဗြဟ္မဏ (မကောင်းမှုမှအပပြုပြီးသောသူ)ဟု ငါဘုရားခေါ်တော်မူ၏။

တည်တန့်စွာ ဈာန်ဝင်စားလျက် ဘာဝနာပွားလေ့ရှိ၍ (ကိလေသာ တည်းဟူသော မြူမရှိသော၊ ရဟန်းကိစ္စပြီး၍ အာသဝေါ ကုန်ခန်း မြင့်သောရဟန္တာအဖြစ်သို့ ရောက်သောပုဂ္ဂိုလ်ကို ဗြဟ္မဏဟုငါဘုရား ခေါ်တော်မူ၏။

နေမင်းသည် နေ့အခါ၌တင့်တယ်၏။ လမင်းသည်ညအခါ၌ တင့်တယ်၏၊မင်းသည် မင်းမြောက် တန်ဆာ ဝတ်ဆင်သော အခါ တင့်တယ်၏။ ရဟန္တာသည် ဈာန်ဝင်စားသောအခါ တင့်တယ်၏။ မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် နေ့ရော ညဉ့်ပါအခါခပ်သိမ်း တင့်တယ်တော်မူ၏။

မကောင်းမှုကိုပယ်ပြီးဖြစ်သောကြောင့် (သူတော်ကောင်းကို)ဗြဟ္မဏဟုခေါ်၏။ မကောင်းမှုငြိမ်းစေခြင်းဌာ ကျင့်သော

ကြောင့် (သမဏ) ရဟန်းဟုခေါ်၏။ မိမိ၏ ရာဂ စသော ကိလေသာ အညစ်အကြေး ကို ထုတ် ပယ် သော ကြောင့် (ပဗ္ဗဇိတ) ရဟန်းဟုခေါ်၏။

သူတော်ကောင်း (ဗြဟ္မဏ) ကိုမပုတ်ခတ်ရာ၊ သူတော်ကောင်းသည် ထိုမိမိအား ပုတ်ခတ်သော သူကို အမျက်မထွက်ရာ၊ သူတော်ကောင်းကို ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ် (ရှက်ဖွယ်)ဖြစ်၏။ ထို့ထက် မိမိအား ပုတ်ခတ်သော သူကို ပြန်၍အမျက်ထွက်ခြင်းသည် သာ၍ပင် စက်ဆုပ်ဖွယ် (ရှက်ဖွယ်)ဖြစ်၏။

ချစ်ခင်စွဲလမ်းခြင်းမှ စိတ်ကို တားမြစ် စောင့်ရှောက်ခြင်းသည် သူတော်ကောင်း၏ အတွက် အလွန် ကောင်းမြတ်၏။ ညှင်းဆဲလိုသော (ဒေါသ) စိတ် မဖြစ်အောင် တားမြစ် စောင့်ရှောက်လေလေ ဆင်းရဲကင်းငြိမ်းလေလေ ဖြစ်၏။

ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ မကောင်းမှုပြုခြင်းမရှိ၊ ဤကိုယ်—နှုတ်—စိတ် သုံးပါးတို့ဖြင့် အကုသိုလ် မဖြစ်အောင် စောင့်ရှောက်သော သူကို ဗြဟ္မဏဟု ငါခေါ်တော်မူ၏။

တစုံတယောက်သောပုဂ္ဂိုလ်ထံမှ ဘုရားဟောတော်မူသော တရားကို သင်ကြားနားလည်ခဲ့လျှင်၊ ထိုသင်ပြသောဆရာကို ပုဏ္ဏားသည် ပူဇော်မြဲဖြစ်သော မီးကို ရိုသေစွာ ရှိခိုးပူဇော်သကဲ့သို့၊ ရိုသေစွာရှိခိုးပူဇော်ရာ၏။

ဆံကျစ် ထုံးခြင်းတို့ဖြင့် လည်းကောင်း၊ အနွယ်အားဖြင့် လည်းကောင်း၊ ဇာတ်အားဖြင့်လည်းကောင်း၊ ဗြဟ္မဏမဖြစ်၊ သစ္စာရှိ၍ သူတော်ကောင်းတရားရှိသော သူသည်သာလျှင် စင်ကြယ်သောသူဖြစ်၏၊ ဗြဟ္မဏာဖြစ်၏။

အိုပညာမရှိသောရသေ့၊ သင့်မှာ ဆံကျစ်ထုံးခြင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သစ်နက်ရေ ဝတ်ခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ သင်၏ကိုယ်တွင်း၌ (ရာဂစသောကိလေသာ) တောရှိ၏။ သဲသည်အပြင်ပကိုသာလျှင် သုတ်သင်၏။

ပံ့သကူသင်္ကန်းကိုဝတ်ကာ၊ ကြုံလှီ၍ အကြောခင်းသော ကိုယ်ရှိလျက်၊ တယောက်ထီးတည်းတော၌ ကမ္မဋ္ဌာန်း ရှုသော သူကို ဗြဟ္မဏာဟု ငါခေါ်တော်မူ၏။

ပုဏ္ဏားမျိုးဖြစ်သည့် ပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေနေသော ပုဏ္ဏားကို ဗြဟ္မဏာဟုငါမခေါ်၊ ထိုပုဏ္ဏားသည် ကိလေသာ အကြောင့်ကြအကယ်၍ရှိခဲ့လျှင် (အိုခင်ဗျား၊ အိုခင်ဗျားဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိသော) ဘောဝါဒိပုဏ္ဏားသာ ဖြစ်၏။ (ရာဂစသောကိလေသာ)အကြောင့်ကြမရှိ၊တပ်မက်ခြင်းလည်း မရှိသောသူကိုသာ ဗြဟ္မဏာဟု ငါခေါ်တော်မူ၏။

အလုံးစုံသော အနှောင်အဖွဲ့ကိုဖြတ်၍ ထိတ်လန့်ခြင်းမရှိ၊ ဘွယ်တာကပ်ငြိခြင်း သဘောကို လွန်မြောက်၍ ကိလေသာ ကင်းပြီးသောသူကို ဗြဟ္မဏာဟု ငါခေါ်တော်မူ၏။

(ဒေါသတည်းဟူသော) နှောင်ကြိုးကို လည်းကောင်း၊ (တဏှာတည်းဟူသော)လွန်ကိုလည်းကောင်း၊ (ကိန်းအောင်း နေသော ကိလေသာနှင့် တကွ အယူမှားတည်း ဟူသော) ကြိုးကိုလည်းကောင်း၊ ဖြတ်၍(အဝိဇ္ဇာတည်းဟူသော) တံခါး ကျင်မင်းထုပ်(မင်းတုံး)ကိုနှုတ်ပြီးသော တရားမှန်ကို သိသော သူကို ဗြဟ္မဏဟု ငါခေါ်တော်မူ၏။

ဆဲရေးခြင်း၊ ပုတ်ခတ် ညှင်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းကို အမျက်မထွက်ပဲ သည်းခံ၍၊ သည်းခံခြင်းအားတည်းဟူသော စစ်သည်ဗိုလ်ပါရှိသောသူကို ဗြဟ္မဏဟု ငါခေါ်တော်မူ၏။

အမျက်ထွက်ခြင်းသဘောမရှိ၊ ကိလေသာ ကင်းကြောင်း အကျင့်ကိုလည်းကျင့်။ သီလလည်းရှိ၊ အစွဲအလမ်းမရှိ၊ မျက်စိ စသောဣန္ဒြေကိုဆုံးမယဉ်ကျေးပြီးဖြစ်၍ အဆုံးဘဝ ဖြစ်သည့် ခန္ဓာကိုယ်ရှိသောပုဂ္ဂိုလ်ကို ဗြဟ္မဏဟု ငါခေါ်တော်မူ၏။

ကြာဖက်တွင် ရေမတင်သကဲ့သို့ သော်လည်းကောင်း၊ ပွတ် စူးများတွင် မုန်ညင်းစေ့ မတည်သကဲ့သို့သော်လည်းကောင်း၊ ကာမဂုဏ်တို့၌ မတွယ်တာမငြိကပ်သောသူကို ဗြဟ္မဏဟု ငါ ခေါ်တော်မူ၏။

(မိမိ၏ ခန္ဓာကိုယ်တည်းဟူသော) ဝန်ကိုချ၍ ကိလေသာ ကင်းသော၊ ဤဘဝ၌ပင်လျှင် မိမိ၏ဆင်းရဲကုန်ခြင်းကို(နိဗ္ဗာန် ကို) သိသောသူကို ဗြဟ္မဏဟု ငါခေါ်တော်မူ၏။

နက်နဲသောပညာ၊ လျင်မြန်ထက်မြက်သောပညာနှင့်ပြည့်စုံ၍ လမ်းမှန်ဟုတ်သည်မဟုတ်သည်ကို ကောင်းစွာသိသော မြင့်မြတ်သည့် ရဟန္တာအဖြစ်သို့ ရောက်ပြီးသောသူကို ဗြာဟ္မဏဟု ငါခေါ်တော်မူ၏။

အိမ်ရာတည်ထောင်သော လူတို့နှင့် သော်လည်းကောင်း၊ ရဟန်းတို့နှင့်သော်လည်းကောင်း၊ ရောယှက်ခြင်းမရှိပဲ၊ ကာမဂုဏ်ကင်းကြောင်းအကျင့်ရှိ၍ အလိုနည်း သောသူကို ဗြာဟ္မဏဟု ငါခေါ်တော်မူ၏။

(ကိလေသာမကင်းသဖြင့်)ကြောင့်ကြတတ်ကုန်သော သတ္တဝါတို့ကို သော်လည်းကောင်း၊ (ကိလေသာ ကင်းပြီးဖြစ်၍ အကြောက်မရှိ) တည်ဘန့်ကုန်သော (ရဟန္တာစသော) သူတို့ကို သော်လည်းကောင်း၊ တုတ်လက်နက် စသည်ကို (အသုံးမပြုရန်) ပယ်ချထားပြီးဖြစ်၍ ကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူဘပါးကိုလည်းမညှဉ်းဆဲ စေသောသူကို ဗြာဟ္မဏဟု ငါခေါ်တော်မူ၏။

ဆန့်ကျင်ဘက် ပြုကုန်သော သူတို့၌ မဆန့်ကျင်၊ တုတ်လက်နက် စသည် စွဲကိုင်သောသူဘို့၌ (လက်နက်မကိုင်) ရန်ပြုလိုသော သဘောမရှိ၊ တပ်မက်စွဲလမ်းသောသူတို့၌ တပ်မက်စွဲလမ်းခြင်းမရှိသောသူကို ဗြာဟ္မဏဟု ငါခေါ်တော်မူ၏။

မုန်ညင်းစေ့သည် ပွတ်စူးဖျား၌ (မတည်နိုင်) လျှောကျသကဲ့သို့၊ တပ်မက်ခြင်း၊ အမျက်ထွက်ခြင်း၊ မာန်ထောင်ခြင်း၊

သူတပါး၏ဂုဏ်ကိုဖျက်ဆီးခြင်းသဘောတို့(ကင်းပ) လျော့ကျသောသူကို ဗြာဟ္မဏဟု ငါခေါ်တော်မူ၏။

သူတော်ကောင်းသည် နူးညံ့ပြေပြစ်၍ သဘောအဓိပ္ပာယ်ပေါ်လွင်စေသော မှန်သော စကားကိုပြောဆိုတတ်၏။ မည်သူ တစုံတယောက်ကိုမျှ ထိခိုက်၍မပြောဆိုတတ်။ ထိုသူတော်ကောင်းကို ဗြာဟ္မဏဟု ငါခေါ်တော်မူ၏။

ဤလောက၌ ပိုင်ရှင်မပေးသော(သူတပါး၏)ဥစ္စာကို ရှည်သည်ဖြစ်စေ၊ တိုသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ မခိုးယူသော သူကို ဗြာဟ္မဏဟု ငါခေါ်တော်မူ၏။

ဤလောက၌သော်လည်းကောင်း၊ တမလွန်လောက၌သော်လည်းကောင်း၊ မက်မောခြင်းမရှိ၊ တောင့်တခြင်းကင်း၍ ကိလေသာမရှိသောသူကို ဗြာဟ္မဏဟု ငါခေါ်တော်မူ၏။

သူတော်ကောင်းသည် ကပ်ငြိတွယ်တာခြင်းမရှိ၊ တရားမှန်ကိုသိ၍ တွေးတောယုံမှားခြင်းမရှိ၊ သေခြင်းကင်းရာ (နိဗ္ဗာန်) သို့ ရောက်သော ထိုသူတော်ကောင်းကို ဗြာဟ္မဏဟု ငါခေါ်တော်မူ၏။

ဤလောက၌ ကောင်းမှု မကောင်းမှု နှစ်ပါးအတွက် စွဲလမ်းခြင်းသဘောကို စိမ့်၍စိုးရိမ်ကြောင့်ကြမရှိ၊ ကိလေသာမြူအညစ်အကြေးကင်းပစင်ကြယ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါခေါ်တော်မူ၏။

လွန်လေပြီးသော စည်းစိမ်ဥစ္စာ ကိုယ်ခန္ဓာ၊ နောင်ဖြစ်မည့် စည်းစိမ်ဥစ္စာ ကိုယ်ခန္ဓာ၊ ယခုဖြစ်ဆဲ စည်းစိမ်ဥစ္စာ ကိုယ်ခန္ဓာ တို့အတွက် ကြောင့်ကြခြင်းမရှိ၊ ဤသို့ ကြောင့်ကြခြင်းကင်း၍ (တိမ်တိုက်ဆီးနှင်းစသော)အညစ်အကြေးကင်းပ စင်ကြယ်သော လမင်းကဲ့သို့၊ ကိလေသာအညစ်အကြေးကင်း၍ အထူး ကြည်လင်သော (ကာမ–ရူပ–အရူပ) ဘဝ၌ တပ်မက်ခြင်း ကင်းသော ပုဂ္ဂိုလ်ကို ဗြဟ္မဏဟု ငါခေါ်တော်မူ၏။

ရဟန္တာပုဂ္ဂိုလ်သည် ဤ (ရာဂတည်းဟူသော) အနှောင့်အယှက်ဘေးကို သော်လည်းကောင်း၊ (ကိလေသာ တည်းဟူသော)အသွားခက်သည့်ခရီးကို သော်လည်းကောင်း၊ သံသရာ တည်းဟူသော အကူးခက်သည့်သမုဒ္ဒရာကိုသော်လည်းကောင်း၊ မောဟတည်းဟူသော ကမ်းတဘက်သို့ရောက်၏။ ဈာန်ဝင်စား လေ့ရှိ၏။ တဏှာကင်း၍ တွေးတောယုံမှားခြင်းမရှိ၊ အစွဲအလမ်းကင်း၍ ပူပန်ခြင်းမရှိသော ထိုရဟန္တာပုဂ္ဂိုလ်ကို ဗြဟ္မဏဟု ငါခေါ်တော်မူ၏။

ဤလောက၌ သူတော်ကောင်းသည် ကာဂုဏ်တို့ကို ပယ်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏။ ကာမဂုဏ်ကုန်၍ (နောင်တဖန်ဖြစ်ရန်) ဘဝကုန်ပြီးဖြစ်သော ထိုသူတော်ကောင်းကို ဗြဟ္မဏဟု ငါခေါ်တော်မူ၏။

ဤလောက၌ သူတော်ကောင်းသည် တဏှာကိုပယ်၍ အိမ်ရာမထောင်ပဲ ရဟန်းပြု၏။ တဏှာကုန်၍ (နောင်တဖန်ဖြစ်ရန်) ဘဝကုန်ပြီးဖြစ်သော ထိုသူတော်ကောင်းကို ဗြဟ္မဏဟု ငါခေါ်တော်မူ၏။

လူ့ဘုံဖြစ်သော လောကီ အစီးအပွားကိုလည်းပယ်၊ နတ်ဘုံဖြစ်သော လောကီအစီးအပွားကိုလည်း ပယ်စွန့်၍ အလုံးစုံသော လောကီအစီးအပွားမှ ကင်းလွတ်သောသူကို ဗြဟ္မဏာဟု ငါခေါ်တော်မူ၏။

(ကာမဂုဏ်ငါးပါး၌) မွေ့လျော်ခြင်း၊ (ဆိတ်ငြိမ်ရာ၌) မမွေ့လျော်ခြင်း၊ ကိုပယ်၍ အေးချမ်းခြင်းသဘောရှိ၊ ပူပန်ကြောင့်ကြခြင်းမရှိ(ခန္ဓာတည်းဟူသော) အလုံးစုံသော လောကကို အောင်မြင်သော ထိုသူရဲကောင်းကို ဗြဟ္မဏာဟု ငါခေါ်တော်မူ၏။

(သူတော်ကောင်းသည်) သတ္တဝါတို့၏သေခြင်း၊ ပဋိသန္ဓေနေခြင်းကို အလုံးစုံသိ၏။ တွယ်တာကပ်ငြိခြင်းမရှိ၊ သူတော်ကောင်းအကျင့်ကို ကောင်းစွာကျင့်၍ (သစ္စာလေးပါး)အမှန်တရားကိုသိသော ထိုသူတော်ကောင်းကို ဗြဟ္မဏာဟု ငါခေါ်တော်မူ၏။

ရဟန္တာပုဂ္ဂိုလ်၏လားရာ ဘဝကို နတ်–ဂန္ဓဗ္ဗနတ်–လူတို့သည် မသိကုန် (ကာမ စသော) အာသဝေါ ကုန်ခန်း၍ ရဟန္တာဖြစ်သော ထိုပုဂ္ဂိုလ်ကို ဗြဟ္မဏာဟု ငါခေါ်တော်မူ၏။ တပ်မက်စွဲလမ်းခြင်းမရှိသောသူကို ဗြဟ္မဏာဟု ငါခေါ်တော်မူ၏။

ခေါင်းဆောင်ဖြစ်၍ မြတ်သော၊ လုံ့လရှိ၍ သီလ စသော တရားထူးအပေါင်းကိုရှာလေ့ရှိသော၊ မာရ်သုံးပါးကို အောင်၍ တဏှာကင်းပြီး၊ ကိလေသာအညစ်အကြေးကို ဆေးလျှော်

ပြီးဖြစ်သော (သစ္စာလေးပါး) အမှန်တရားကိုသိသော ပုဂ္ဂိုလ်ကို ဗြဟ္မာဟု ငါခေါ်တော်မူ၏။

(သူတော်ကောင်းသည်)ရှေး၌ဖြစ်ခဲ့ဘူးသော ခန္ဓာ စသည်ကို သိ၏။ နတ်ပြည် ငရဲပြည်ကိုလည်းမြင်၏။ ပဋိသန္ဓေ ကင်းရာ (နိဗ္ဗာန်)သို့ ရောက်၏။ ထူးသောဉာဏ်ဖြင့်သိ၍ အရဟတ္တဖိုလ်ကိုရသော ရဟန်းဖြစ်၏။ အလုံးစုံသော ကိလေသာတို့၏ကုန်ကြောင်းဖြစ်သည့် အကျင့်ကို ကျင့်ပြီးသော ထိုသူတော်ကောင်းကို ဗြဟ္မာဟု ငါခေါ်တော်မူ၏။

ဒါကြောင့်....ကျွန်ုပ်၏ ကောင်း မှု ဖြင့် ပြု လုပ် ခဲ့ သော ဟောင်ပုလု ဆရာတော်ဘုရားကြီးထံ၌ ဓူတင် ဆယ် ပါး ကို ဆောက်တည်ခဲ့သော ရဟန်းဘဝကို လည်းကောင်း....

( အဘိဓဇမဟာရဋ္ဌဂုရု )ဘွဲ့ရ၊ မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်မှ ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ ရန်ကုန်မြို့၊ ကမာရွတ် ကိုးတွင်းကျောင်းတိုက်မှ ဆရာတော်(အရှင်အရိယဝံသ)နှင့် ရတနာသိဃ်ကျောင်းတိုက်မှ (အရှင်နေမိန္ဒာဘိသိရိ) ဆရာတော်တို့အား ဆွမ်းများ ဆက်ကပ်လှူဒါန်းရသော (ကံ) အကျိုးကြောင့် နိဗ္ဗာန်မရောက်မီ ဖြစ်လေရာဘဝ၌၊ ကိုယ်စိတ်နှစ်ပါး၏ ချမ်းသာခြင်း ရရပါလို၏ အရှင်ဘုရား....

လေးစားစွာဖြင့်
အောင်ဝင်း
၁၆ တံတားဖြူကန်လမ်း၊
ကမာရွတ်၊ ရန်ကုန်မြို့။

ဒေါ်အေးတင်နှင့် သားများ စာကြည့်အေးစာပေမှ ရနိုင်သောစာအုပ်များ

၃၈-လမ်း။ ၂၁၅၊ ရန်ကုန်


၁။ စလေဦးကံခင်း ဗေဒင်ပညာနှင့် လောကီပဒေသာကျမ်း (၈၀

၂။ ပုသိမ်ကြီး အရှင်အရိယဝံသ သဒ္ဒညွှန်းတည်ဉာဏ်တော် (၁၀၂၆-

၃။ စလေဆရာကြီး ဦးကံမင်း သုတပဒေသာ (၈

၄။ ဒဂုန်ထွန်း (ဓမ္မကထိက) ဗုဒ္ဓ၏သမထကျမ်းစဉ် (၁၀၀

၅။ ဦးသိန်းဇံ၏ ဗုဒ္ဓစကားတန်ဆာ ဥပမာပန်းကုံး (၆၇၆၅-

၆။ ဆရာမင်းစန္ဒာ ဗုဒ္ဓဝါဒအမေးအဖြေတထောင် (၁၀၁

၇။ ဦးကောင်းထွန်း မိလိန္ဒအမေးအဖြေ (၉၁

၈။ မင်းသော်တာ ဥယျာဉ်ခြံမြေ စိုက်ပျိုးနည်းပဒေသာ (၁၈

၉။ မနောမယမယ်သိမ်။ မိဒွေးတော်ဂေါတမီ (၈၆

၁၀။ ဦးကောင်းထွန်း ဗုဒ္ဓခေတ်ပြဿနာများ (၁၀၃

၁၁။ ဒဂုန်ဦးစန်းငွေ၊ နိဗ္ဗာန်စခန်းလက်တကမ်း (၉၅

၁၂။ စလေဆရာ ဦးကံမင်း အခြေခံဗေဒင်အလင်းပြ (၂၄

၁၃။ ရဲဘော်တစုရဲ့ ဖက်ဆစ်ဂျပန်တော်လှန်ရေးသမိုင်းဝင် (၀၉

၁၄။ ဆရာသူရိယပဏ္ဍိတဂုဏ်တော်အစစ် ၁၀၈ ပုတီးစိပ်နည်း (၂၁

၁၅။ ဦးသာသနဝိသုဒ္ဓိ နစ္စွန်းလွန်းရာပြည့်မိန့်ခွန်းဓမ္မဩဝါဒ (၂၉၂

၁၆။ ဦးစိုးဝင်း ပီကင်းဘဲနှင့် ကြက်မွေးမြူအောင်မြင်နည်း (၀၂၂

၁၇။ ဓမ္မာစရိယ ဦးစိုးမြင့် ဘာသာရေးဝတ္ထုများ (၉၈

၁၈။ ဆရာဦးတင်ဝင်း သဘာဝဓမ္မ (၁၈၉ နှင့် ၈၁

၁၉။ ပီမိုးနင်းရေး ချစ်မှုရေးရာ အချစ်အဘိဓမ္မာ

၂၀။ ပီမိုးနင်းရေး လောကီသမ်းညွှန်

၂၁။ ပီမိုးနင်းရေး လူဖြစ်နည်းနှင့် တက်လမ်း

၂၂။ ပီမိုးနင်းရေး ချွေတာရေး

၂၃။ ပီမိုးနင်းရေး ကမ္ဘာ့အလင်းနှင့် လောကမျက်မှန် (၄

၂၄။ ပီမိုးနင်းရေး တိုးတက်အောင်မြင် ကြီးပွားလိုလျှင် (၂၁

၂၅။ ပီမိုးနင်းရေး အရင်းမစိုက် လှေထိုးလိုက်နှင့် လူစွမ်းလူစ (၅


ရင်းစာအုပ်များကို အဖိုးနှုန်း ချိုသာစွာဖြင့် ဖောက်သည်ချေ

ဖြန့်ချိပါသည်။